# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး

## မြန်မာ - တရုတ် - ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း



ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်ပနိုင်ငံသား ၁၃၀၃ ဦးတို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ၍ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ

စာမျက်နှာ ၈ ကော်လံ ၁ ◆


ယနေ့ ဖတ် စ ရာ

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗဟုသုတဖြေဆို ပူဇော်ပွဲ အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည် — ပြည်တွင်းသတင်း | စာ ၅

၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း | စာ ၅



အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံပေါင်းစုံရေကြောင်းစစ်ရေးလေ့ကျင့်မှု စတင် — နိုင်ငံတကာသတင်း | စာ ၁၄

အိုမန်နိုင်ငံ ဆိုဟာမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင် — ပြည်တွင်းသတင်း | စာ ၁၃



# နိုင်ငံ့သားကောင်းရတနာများအဖြစ် ဂုဏ်ယူဝင့်ကြွား တာဝန်ထမ်းဆောင်

တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများတွင် ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများမှာ ယခုအခါ အမှတ်စဉ် (၁၀) သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ နိုင်ငံတော်ကိုကာကွယ်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်နှင့်အညီ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အသက်ဝင်လာခဲ့ပြီးသည့်နောက် နိုင်ငံ့သားကောင်းရတနာ အမျိုးသားလူငယ်များကို သင်တန်းသားခေါ်ယူခဲ့ရာ မိမိအလှည့်ကျ ရောက်လာသည်အထိ စောင့်ဆိုင်းမနေဘဲ ကိုယ်တိုင်အဆိုပြုကာ ဆန္ဒအလျောက် သင်တန်းတက်ရောက်ကြသူ အများအပြားရှိခဲ့သည်ကို တွေ့ရသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းကာလများအတွင်း ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည်ဖြင့် အရပ်သားဘဝမှ စစ်သည်တော်တစ်ဦးဘဝသို့ ရောက်သည်အထိ ရက်သတ္တပတ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် လေ့ကျင့်သင်ကြားကြရခြင်းဖြစ်ရာ သင်တန်းဆင်းချိန်တွင် ရုပ်ပိုင်း အရရော စိတ်ပိုင်းအရပါ ပြောင်းလဲသွားခဲ့ကြကြောင်း သင်တန်း ဆင်းစစ်သည်တို့၏ ပြောကြားချက်များက သက်သေခံလျက်ရှိကြ သည်။ သာမန်အရပ်သားတစ်ဦးအဖြစ်မှ ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်း စစ်သည်တစ်ဦးဖြစ်လာသည့်အခါ အဖွဲ့အစည်းနှင့် စည်းကမ်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့ အကျင့် (Team Work)၊ နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ် စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ် (Team Spirit)၊ ရဲဘော်ရဲဘက် စိတ်(esprit de corps) တို့ ပြည့်ဝလာခဲ့ကြသည်။ နိုင်ငံတစ်ဝန်းမှ နိုင်ငံသား၊ တိုင်းရင်းသားပြည်ထောင်စုဖွားများပါဝင်ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များမှာ ၎င်းတို့ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတို့တွင် နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီ ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း လုပ်ငန်း စဉ်သည် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ စနစ်တကျဆောင်ရွက် နေသည့်အပေါ် အကြမ်းဖက်အဖျက်အမှောင့်များ၊ ကောလာဟလ များ၊ တိုင်းဖျက်ပြည်ဖျက်မီဒီယာများ၏ မဟုတ်မမှန်ထုတ်လွှင့်မှု များအပြင် ကိုယ်ကျိုးရှာ မသမာမှုများလည်း ပေါ်ပေါက်လာသည်။ သို့ဖြစ်ရာ နိုင်ငံပိုင်မီဒီယာများတွင် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ် များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်သည့် ဖုန်းနံပါတ်များကို မကြာခဏဖော်ပြပေးနေရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်း ထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြည်သူ့ စစ်မှုထမ်းဆိုင်ရာ မေးမြန်းမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင် “ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စတွေနဲ့ စပ်လျဉ်းပြီး စုံစမ်းမေးမြန်းတာတွေ၊ မသမာမှုတွေနဲ့ပတ်သက်ပြီး တိုင်ကြား ခြင်းတွေကို တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနဲ့ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းတွေပြုလုပ်ပါက ဖော်ထုတ် ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားတာကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ update ပြုလုပ်ပေးထားသည့် ဖုန်းနံပါတ်များကို ဖော်ပြထားပြီးဖြစ်ကြောင်း၊ သတင်းပေး တိုင်ကြားခဲ့ခြင်းကြောင့်လည်း မသမာမှုများနှင့်ပတ်သက်ပြီး စုံစမ်း မေးမြန်းခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပြီး အမျိုးသမီးပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရန် အစီအစဉ်မရှိသေးကြောင်း” အတိအလင်းပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိကြသည်ဖြစ်ရာ အရွယ် ရောက်လာသည့်နိုင်ငံသားတိုင်း နိုင်ငံ့တာဝန်ကို မဖြစ်မနေထမ်း ဆောင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ များ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပြီး မသမာမှုများ ကင်းရှင်းမှ သာလျှင် ရေရှည်တွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။ ပြည်သူ့ စစ်မှုထမ်းဆောင်ရန် တာဝန်ကျရောက်လာသည့် နိုင်ငံသားများ အနေဖြင့်လည်း မိမိတို့ထမ်းဆောင်ရန် အလှည့်ကျလာသည့် နိုင်ငံ သားတာဝန်များကို မတိမ်းမရှောင်ဘဲ ဦးလည်မသုန်ထမ်းဆောင် ခြင်းအားဖြင့် နိုင်ငံ့သားကောင်းရတနာများအဖြစ် ဂုဏ်ယူကြရ ပါမည့်အကြောင်း။ ။

## အရေးသုံးပါး

* ဆုံးလွယ်,ရခက်၊ ဤသည့်ထက်ကား
ရှေ့ဆက်တည်ရေး၊ ပိုခက်သေး၏
သွေးရှေးရင်းမှ၊ ပန်ခွင့်ရသည့်
အနဂ္ဃထိုက်သော **လွတ်လပ်ပန်း**။
စည်းလုံးမှုဖြင့် တို့ဆွတ်လှမ်း။

* **အချုပ်အခြာ**၊ လွတ်လပ်ပါမှ
ရှိလာရလည်း၊ ရသည့်ချုပ်ခြာ
လွတ်လပ်ပါလျက်၊ ကြမ္မာဖန်ခွင့်
ပျောက်ကွယ်လွင့်သည့်၊ ကျွန်နှင့်တူစွ
ထိုဘဝကို
မကျရောက်ရန် တို့ရည်ရွယ်။
ညီညွတ်မှုဖြင့် တို့ကာကွယ်။

* လွတ်လပ်, ချုပ်ခြာ၊ ဤနှစ်ဖြာကို
ကမ္ဘာနှင့်ချီ၊ ခိုင်ခံ့တည်အောင်
ညီနောင်သားချင်း၊ **စည်းလုံးခြင်းဖြင့်**
ညီနောင်သားချင်း၊ **ညီညွတ်ခြင်းဖြင့်**
စိတ်ရင်းမှန်လျက်၊ သံသယဖျက်၍
လက်ချင်း တွဲယှက်ကြပါစို့။ ။
ဘယ်ခါမခွဲ နောင်ညီတို့။ ။

***ကို(တက္ကသိုလ်)***

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့၏လုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူ ခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများ အနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅% တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့

**၁၇ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၂၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သက် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်နှင့် မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးနိုင်နှင့် ပူးပေါင်းအဖွဲ့တို့က (၆၄)ရပ်ကွက်ရှိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် (၂၆)ရပ်ကွက် ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတို့၏ အဆောက်အအုံတို့၌ မီးဘေးကာကွယ်ရေး စစ်ဆေးစဉ်။ နေမျိုးအောင်

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | စိုးစိုးနိုင် |
| စာတည်းမှူး | – | မြင့်စိုး |
| စာတည်းများ | – | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ဇော်မင်းသန်းနှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )





## မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

### ဘဏ်လုပ်ငန်းတွင် ယုံကြည်မှုရှိစွာဖြင့် အားလုံးပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူများအား ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာနှင့်ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ရရှိခံစားစေရန်ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်သည်ပြည်သူများယုံကြည်စိတ်ချရသော နိုင်ငံပိုင်ဘဏ်ကြီးဖြစ်၍ ပြည်သူများက အပ်ငွေများ တိုးမြှင့်အပ်နှံလာရေး၊ အပ်ငွေများကို ထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်ဝသည့် ချေးငွေများကိုဘဏ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ချေးရေးနှင့် ချေးငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးအတွက် မန်နေဂျာများက စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန်၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်စေရေး၊ ကြွေးကျန်များ လျော့နည်းကျဆင်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရေးအတွက် ဘဏ်တွင်း စာရင်းစစ်ဌာနခွဲမှ ဘဏ်ခွဲများအား ပုံမှန်စစ်ဆေးခြင်း၊ သွားလာရန်ခက်ခဲသည့် ဘဏ်ခွဲများကို Off-site စနစ်ဖြင့် စစ်ဆေးခြင်းများကို အလေးထား ဆောင်ရွက်ကြရန်ကြောင်း၊ သို့မှသာ ငွေကြေးမသမာမှုများနှင့် အလွဲသုံးစားမှုများကို အချိန်မီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူပြည်သူများ ဘဏ်နှင့်အကျွမ်းတဝင်ရှိလာပြီး ဘဏ်လုပ်ငန်းတွင် ယုံကြည်မှုရှိစွာဖြင့် အားလုံးပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူများအား ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာနှင့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရရှိခံစားစေရန် ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ဘဏ်လုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲများ အပါအဝင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃)မှု တို့ကို ရုံးထိုင် ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာ ကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုအမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄ (ရန်ကုန်)၊ ၇၅/၂၀၂၄ (ရန်ကုန်)၊ ၇၇/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ Grade-1 ကျောင်းသား ကျောင်းသူ ၄၇ ဦးအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါဦး၏ ဦးဆောင်မှုဖြင့် ကျောင်းအုပ်ဆရာမကြီးဒေါက်တာ ဒေါ်ဥမ္မာထွေးက စီစဉ်ကြီးကြပ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမြင့်အေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းသား ကျောင်းသူမိဘများ ၇၀ ခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွဲလွဲ(ပြန်/ဆက်)



ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲ တက်ရောက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ The Times Group ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**




အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုနှင့် အခွင့်အလမ်းများ ဆွေးနွေးနိုင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများ ထုတ်ဖော်ရန်၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများကို မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**ပါဝင်ဆောင်ရွက်**

ဆွေးနွေးပွဲ ပထမရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အယ်ဘေးနီးယားနှင့် သီရိလင်္ကာနိုင်ငံများမှ စီးပွားရေးနှင့် စက်မှုဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ “Global Cooperation in a Polarized World” ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် စကားဝိုင်း ဆွေးနွေးသူ Panelist အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေး အခင်းအကျင်းများ၊ ပြောင်းလဲလာနိုင်ခြေရှိသည့် စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်နေသည့် အခြေအနေများကို အလေးထား ဆွေးနွေးပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒြာမိုဒီက အိန္ဒိယနိုင်ငံ စီးပွားရေးမဟာဗျူဟာ မျှော်မှန်းချက်များကို ထုတ်ဖော်ပြောကြားသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်သည့် ကိုယ်စားလှယ်များကို တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိပ်သီးဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**ကဏ္ဍအလိုက်တက်ကြွစွာဆွေးနွေး**

ဆွေးနွေးပွဲအတွင်း နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ကာလအတွင်း ကြံ့ကြံ့ခိုင်ဆောင်ရွက်နိုင်မှုမှစ၍ စက်မှုလုပ်ငန်း ၅ ဒသမ ၀ ပေါ်ထွက်လာသည့် အခြေအနေ၊ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးမူဝါဒပြောင်းလဲမှုများ၊ စွမ်းအင်လုံခြုံရေးနှင့် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်တက်ကြွစွာဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာ ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်း၌ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ နဝမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ နဝမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြု လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက အမှာစကားများ ပြောကြားကြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက အမျိုးသားမြေအသုံးချမှုကောင်စီအဖွဲ့ဝင် ဌာနအဖွဲ့အစည်းများ၏ အကြံပြုချက် ပုဒ်မ/ ပုဒ်မခွဲ တစ်ခုချင်းကို ရှင်းလင်းတင်ပြရာ အကြံပြုထားသည့် ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြသည်။





ဆက်လက်၍ အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုအစည်းအဝေး၏ ယာယီအတည်ပြုချက်များနှင့် ဥပဒေမူကြမ်းပါ အခန်းများကို အသေးစိတ် ဆက်လက်စိစစ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီ၏ သတ္တမအကြိမ် အစည်းအဝေးတွင် တင်ပြပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ် ပေါ်တော်မူကျေးရွာ လူငယ်အလင်းရောင်စာကြည့်တိုက်ဖွင့်

**သထုံ ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ “လူငယ်အလင်းရောင်” စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ် အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်တို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။**(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်စာစောင်များအား လေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ယနေ့ခေတ် ကျောင်းသားလူငယ်များ စာအုပ် စာပေများကို အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ စွဲမြဲလာစေရေးနှင့် စာကြည့်တိုက်ကို အသုံးပြုကြစေရန်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းစောင့်ရှောက်သွားကြရန် မှာကြားသည်။




ယင်းနောက် စာကြည့်တိုက်အတွက် ကျေးရွာနေ အလှူရှင်များက ငွေပဒေသာပင်၊ အလှူငွေစုစုပေါင်း ငွေကျပ် ၃၁၀၀၀၀၀ နှင့် မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က လွှဲပြောင်းပေးအပ်ရာ စာကြည့်တိုက် တာဝန်ခံက လက်ခံယူသည်။

အဆိုပါ လူငယ်အလင်းရောင် စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀နှင့် ပေါ်တော်မူကျေးရွာစေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ အုတ်ကာ သွပ်မိုး၊ တစ်ထပ် အဆောက်အအုံဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## အများအားဖြင့် သာယာနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၆)

ဒေါက်တာမျိုးကြွယ်

**နိုင်ငံတကာစိုက်ပျိုးရေးပညာ သင်ကြားသော တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော သီးခြားဌာနအသစ်များ (New Departments)၊ အထူးပြုဘာသာရပ်အသစ်များ (New Majors/Specializations/Subjects) (အဆက်)**

ဒေါက်တာတင်လှိုင် (စာရေးဆရာဘိုးလှိုင်) ၏ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ (World Top Universities) စာအုပ်နှင့် စာရေးသူ၏ လေ့လာမှုအရ တက္ကသိုလ်ကောင်းတစ်ခု၏ အဖိုးတန်အင်္ဂါရပ်များကို အကဲဖြတ်ပုံအမျိုးမျိုးရှိပါသည်။

**(၁) တက္ကသိုလ်သမိုင်းအစဉ်အလာနှင့် သက်တမ်းရှည်ကြာသည့် (Good and Long History) ဂုဏ်ယူလောက်သော တက္ကသိုလ်ပရဝုဏ် (University Campuses) နှင့် အဆောက်အအုံများရှိခြင်း**

တက္ကသိုလ်အတော်များများ၏ ပင်မအဆောက်အအုံများသည် နိုင်ငံကဂုဏ်ယူသော အမျိုးသားအထိမ်းအမှတ် အဆောက်အအုံ(National Land-mark) များအဖြစ် တည်ရှိနေပါသည်။ ဥပမာ - ဘွဲ့နှင်းသဘင်အဆောက်အအုံများ (Convocation Halls/ Buildings)

**(၂) တက္ကသိုလ်မှ မွေးထုတ်လိုက်သော ဘွဲ့ရများသည် တက္ကသိုလ်အမည်ကြည့်ပြီး အလုပ်အကိုင်ကောင်းများ (Higher Jobs Rate) ရရှိကြခြင်း**

တချို့တက္ကသိုလ်များတွင် သင်ယူလိုက်သော ပညာများနှင့် ရရှိသောအလုပ်အကိုင်များ တွဲဖက်မိပါသည်။ (Perfect Matching between Graduates and Employability) ဥပမာ - စင်ကာပူအမျိုးသားတက္ကသိုလ်မှ ၂၀၂၃ ခုနှစ် ဥပဒေဘွဲ့ရများ၏ ၉၆ ဒသမ ၉ ရာခိုင်နှုန်းက အချိန်ပြည့်အမြဲတမ်းဝန်ထမ်း (Full-time Permanent Employment) ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၇၀၀၀ ဖြင့် လည်းကောင်း၊ ကွန်ပျူတာသိပ္ပံဘွဲ့ရများ၏ ၉၁ ဒသမ ၈ ရာခိုင်နှုန်းက အချိန်ပြည့် အမြဲတမ်းဝန်ထမ်း ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၆၃၃၃ ဖြင့်လည်းကောင်း အလုပ်ရရှိသည်ဟု ဂုဏ်ယူစွာ ကြေညာကြပါသည်။ ထိုအခါ ယင်းတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန် ထူးချွန်သော ကျောင်းသား ကျောင်းသူများ အပြိုင်အဆိုင် လျှောက်ကြပါတော့သည်။

**(၃) တက္ကသိုလ်၏ နိုင်ငံတကာဆက်သွယ်ရေး (International Relations) ကောင်းမွန်ခြင်း**

နိုင်ငံတကာမှ အတော်ဆုံး ဆရာ ဆရာမ၊ သုတေသနပြုလုပ်နိုင်မည့် ကျောင်းသား ကျောင်းသူများကို များများဆွဲဆောင်နိုင်လေလေ တက္ကသိုလ်ဂုဏ်တက်လေလေဖြစ်ပါသည်။ဥပမာ- ကိုလံဘီယာတက္ကသိုလ် (Columbia University, US)သည် အီဂျစ်နွယ်ဖွား ဗြိတိန်နိုင်ငံသူ ဒေါက်တာမီနိုဗစ်ရှာဖစ် (Dr. Minouche Shafik) ကို ပါမောက္ခချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်း၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS – National University of Singapore) တွင်လည်း နိုင်ငံခြားသားပါမောက္ခ ၁၂ ဦးခန့်အထိ ခန့်ထားလုပ်ဆောင်နေခြင်း စသည်တို့ တွေ့ရှိနိုင်ပါသည်။



စိုက်ပျိုးရေးတက္ကသိုလ် နှစ်( ၁၀၀) ပွဲလာ စိုက်ပျိုးရေးဘွဲ့ရ တပည့်ဟောင်းများ။

**(၄) တချို့အကဲဖြတ်မှုက နိုင်ငံတကာဆုများ (Higher Nobel Laurates) ရရှိခြင်း**

ဥပမာ - နိုဘယ်ဆုများများရသော တက္ကသိုလ်ဆရာ ဆရာမ၊ သုတေသနပညာရှင် များများရှိလေလေ တက္ကသိုလ်အဆင့် တက်လေလေဖြစ်ပါသည်။ ဟားဗတ်တက္ကသိုလ် (Harvard University, US) နိုဘယ်ဆုရှင် ၁၆၀ ကျော်၊ ကိန်းဘရစ်တက္ကသိုလ် (University of Cambridge, UK) နိုဘယ်ဆုရှင် ၁၂၀ ကျော်၊ ချီကာဂိုတက္ကသိုလ် (University of Chicago, US) နိုဘယ်ဆုရှင် ၁၀၀ ကျော်၊ ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ် (Georg-August-Universitat – University of Göttingen, Germany) စသည်တို့သည် နိုဘယ်ဆုများစွာရရှိ၍ ထိပ်ဆုံးတက္ကသိုလ်များထဲတွင် ပါဝင်ပါသည်။ နာမည်ကျော်ပုဂ္ဂိုလ် အယ်ဗတ်အိုင်းစတိုင်း (Albert Einstein) က ဆွစ်ဇာလန်နည်းပညာတက္ကသိုလ် (ETH Zurich, Switzerland) မှ ၁၉၂၁ ခုနှစ်တွင် ရူပဗေဒဖြင့် နိုဘယ်ဆုရရှိခဲ့ပါသည်။

**(၅) ကောင်းသောပညာရပ် ပတ်ဝန်းကျင်ရှိခြင်း (Excellent Academic Atmosphere)**

ကြိုက်ရာပညာရပ်နယ်ပယ်ကို အထူးပြုဘာသာ (Specilization) အဖြစ်နှင့် သင်ယူနိုင်သည်။ ဤဘာသာရပ်အတွက် လိုအပ်သောအထောက်အကူပြုဘာသာ (Minor or supporting subjects/ courses)ကို ကြိုက်ရာဘာသာရပ်များအား ရွေးချယ်သင်ယူနိုင်သည်။ ဥပမာ - စိုက်ပျိုးရေးအထူးပြုဘာသာရပ်ကျောင်းသားက ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုး၊ မွေးမြူရေးပညာများ (CSA – Climate Smart Agriculture) ကို စောင်းပေးလေ့လာလိုပါက သာမန်၊ အထောက်အကူပြုဘာသာများဖြစ်သော ပထဝီဝင် (Geography)၊ မိုးလေဝသပညာ (Meteorology)၊ ရာသီဥတုပညာ (Climatology)၊ ပတ်ဝန်းကျင်သိပ္ပံပညာ (Environmental Science) ရပ်များကို တက္ကသိုလ်တစ်ကျောင်းတည်းမှာပင် လွယ်ကူစွာ လေ့လာသင်ယူနိုင်သည်။ ထိုအတွက်လည်း တက္ကသိုလ်က ငွေကြေးလုံလောက်စွာ ထောက်ပံ့ပေးသည်။

**(၆) စာကြည့်တိုက်ကောင်းကောင်း (Excellent Library Facility) ရှိခြင်း**

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် နံပါတ်(၁) ဟားဗတ် (Harvard University) တွင် စာအုပ် သန်း ၂၀ (Over 20 million Volume)၊ လက်ရေးစာမူပေါင်း သန်း ၄၀၀ ကျော် (Over 400 million manuscripts)၊ ဓာတ်ပုံ ၁၀ သန်းကျော် (Approximatly 10 millions photographs and visual images) နှင့် နောက်ဆုံးပေါ် အီလက်ထရောနစ်နည်းဖြင့် သိုလှောင်မှုများ (Significant Digital Resources) နှင့် စာကြည့်တိုက်ခွဲပေါင်း ၇၀ ကျော် (70 Library-branches networks) ရှိပါသည်။ (ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် မြန်မာ အင်္ဂလိပ်စာအုပ်ပေါင်း ၃၅၀၀၀၀ ကျော်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာ အင်္ဂလိပ်စာအုပ်ပေါင်း ၃၁၀၀၀ ကျော် စာအုပ်စာတမ်းများ စုဆောင်းထားရှိပါသည်။)

Lifelong Learning (ဘဝတစ်သက်တာ လေ့လာမှု) ဆိုသည်မှာ လူတိုင်းမှာ အသက်ရှင်သန်နေသရွေ့ ပညာရပ်အသစ်များနှင့် ကျွမ်းကျင်မှုအသစ်များကို စဉ်ဆက်မပြတ် တိုးတက်စေရန် ကြိုးစားမှုဖြစ်ပါသည်။ စင်ကာပူနိုင်ငံကို ဥပမာယူ၍ ရှင်းပြပါက စင်ကာပူသည် Lifelong Learning ကို အရေးကြီးသော အခြေခံကျမှုတစ်ခုအဖြစ် ထားရှိပြီး အစိုးရကြီးကြပ်မှုဖြင့် အထူးအစီအစဉ်များကို ဖန်တီးထားပါသည်။

**စင်ကာပူနိုင်ငံ၏ ရာသက်ပန်သင်ယူမှု အားသာချက်များနှင့် အစီအစဉ်များမှာ**

**(၁) အနာဂတ်ကျွမ်းကျင်သူများအတွက် ပဏာမခြေလှမ်းအစီအစဉ် (Skills Future Initiative)**

စင်ကာပူအာဏာပိုင်များက ၂၀၁၅ ခုနှစ်တွင် ဤအစီအစဉ်ကို စတင်မိတ်ဆက်ခဲ့သည်။ ထိုရန်ပုံငွေ (Skills Future Credit) အမည်ဖြင့် လူတိုင်းအတွက် ပညာသင်ကြားမှုများနှင့် ကျွမ်းကျင်မှု၊ တိုးတက်မှုများအတွက် ဘတ်ဂျက်ပံ့ပိုးမှု ခွင့်ပြုထားသည်။ ဥပမာအားဖြင့် စင်ကာပူအလုပ်သမားများသည် ကိုယ်ပိုင်စိတ်ဝင်စားမှုရှိသော အတန်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ သို့မဟုတ် အသက်မွေးဝမ်းကျောင်းရသည့် ကျွမ်းကျင်မှုတိုးတက်ရေး သင်တန်းများကို တက်နိုင်သည်။

**(၂) ရာသက်ပန်သင်ကြားနိုင်မှု သင်တန်းကျောင်း (Lifelong Learning Institute– LLI)**

ဤသင်တန်းကျောင်းသည် လူတန်းစားအားလုံးအတွက် သင်ကြားရေးနှင့် ကျွမ်းကျင်မှုဖြည့်စွမ်းရေးအတွက် အထူးပြုသော တက္ကသိုလ်ဖြစ်ပြီး သင်ကြားရေးများကို နည်းပညာအသစ်များနှင့် တိုက်ရိုက်ပေါင်းစပ်ကာ လေ့ကျင့်ရေးများ စီစဉ်ပေးသည်။ အလုပ်သမားများသည် နည်းပညာတိုးတက်မှုကြောင့် ပြောင်းလဲလာသော စီးပွားရေးအခြေအနေများကို ကျွမ်းကျင်မှုအသစ်များဖြင့် ရင်ဆိုင်နိုင်ရန် ဒီသင်တန်းများကို အသုံးချနိုင်သည်။

**(၃) စဉ်ဆက်မပြတ် သင်တန်းအစီအစဉ်များ (Continuing Education and Training – CET)**

စင်ကာပူတွင် တက္ကသိုလ်များ၊ ဘွဲ့လွန်သင်တန်းကျောင်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဤသင်တန်းများကို ပံ့ပိုးပေးထားသည်။ အလုပ်သမား အတန်းအစားအလိုက် အချိန်ပိုင်းသင်တန်းများ၊ နောက်ထပ်ပညာရေးအတွက် ပုံစံပြောင်းသင်တန်းများ တက်နိုင်သည့်အပြင် လုပ်ငန်းခွင်လေ့လာမှုအစီအစဉ် (Work-Study Program) မှလည်း အကျိုးခံစားမှုရရှိနိုင်သည်။ စင်ကာပူသည် စဉ်ဆက်မပြတ်လေ့လာရေး (Lifelong Learning) ကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူသားအရင်းအမြစ်တိုးတက်မှုအတွက် အဓိကရင်းမြစ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။

နည်းပညာတိုးတက်မှုနှင့် အလုပ်အကိုင်အနာဂတ်ပြောင်းလဲမှုများအတွက် ပြင်ဆင်ရန် စီးပွားရေးနှင့် လူမှုဘဝနှစ်ခုလုံးကို လေ့လာမှုဖြင့် နိုင်ငံတော်ကို ပိုမိုတိုးတက်စေရန် ကြိုးပမ်းနေသည်။

**❖ တချို့တက္ကသိုလ်များတွင် သင်ယူလိုက်သော ပညာများနှင့် ရရှိသောအလုပ်အကိုင်များ တွဲဖက်မိပါသည်။ (Perfect Matching between Graduates and Employability) ဥပမာ - စင်ကာပူအမျိုးသားတက္ကသိုလ်မှ ၂၀၂၃ ခုနှစ် ဥပဒေဘွဲ့ရများ၏ ၉၆ ဒသမ ၉ ရာခိုင်နှုန်းက အချိန်ပြည့်အမြဲတမ်းဝန်ထမ်း (Full-time Permanent Employment) ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၇၀၀၀ ဖြင့်လည်းကောင်း၊ ကွန်ပျူတာသိပ္ပံဘွဲ့ရများ၏ ၉၁ ဒသမ ၈ ရာခိုင်နှုန်းက အချိန်ပြည့် အမြဲတမ်းဝန်ထမ်း ပျမ်းမျှလစာ စင်ကာပူဒေါ်လာ ၆၃၃၃ ဖြင့်လည်းကောင်း အလုပ်ရရှိသည်ဟု ဂုဏ်ယူစွာကြေညာကြပါသည်။ ထိုအခါ ယင်းတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန် ထူးချွန်သော ကျောင်းသား ကျောင်းသူများ အပြိုင်အဆိုင် လျှောက်ကြပါတော့သည်**

*စာမျက်နှာ ၇ သို့*

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းထမနဲထိုးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ စုပေါင်းထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇) ထီး(၃)လက်ဘုရားကုန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဦးစီးဌာန၊ စက်မှုလုပ်ငန်းအသီးသီးတို့မှ ဝန်ထမ်းများ၏ စုပေါင်းညီညာစွာဖြင့် ထမနဲထိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး(ယာပုံ) တက်ရောက်လာကြသူများအား ထမနဲများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။

မြန်မာ့ရိုးရာထမနဲထိုးပွဲသည် ရိုးရာဓလေ့ကို ထိန်းသိမ်းရန်၊ ဝန်ထမ်းများ၏ စိတ်ပင်ပန်းနွမ်းနယ်နေမှုများကို ဖြေလျှော့စေပြီး အားအင်သစ်များရရှိစေရန်၊ လုပ်ငန်းခွင်ပျော်ရွှင်စေရန်၊ လုပ်ငန်းတာဝန်များကို ယခင်ကထက် ပိုမိုစွမ်းဆောင်လာနိုင်စေရန်၊ ဝန်ထမ်းများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်ပြီး အဖွဲ့အစည်းစိတ်ဓာတ် ဖြစ်ပေါ်ခိုင်မာအားကောင်းလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်လေးပင်မြို့နယ်၌ ဆောင်းသီးနှံစံကွက်ရိတ်သိမ်း

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဆောင်းသီးနှံ စံကွက်ရိတ်သိမ်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ယင်းမြို့နယ်ရှိ ဘိုင်းဒါးကျေးရွာကွင်းအမှတ်(၃၃၅-က) ဦးပိုင်အမှတ်(၁၉/၃)တောင်သူ ဒေါ်အေးမာလာ၏ လယ်မြေမှ ပဲတီစိမ်းသြဇီ ၁၅ ဧက စံကွက်၌ ပြုလုပ်သည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က ဆောင်းသီးနှံစိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးများနှင့် နှစ်စဉ်စိုက်ပျိုးနိုင်ရန်အတွက် ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ပညာရှင်များက စက်ကိုအသုံးပြု၍ ရိတ်သိမ်းပေးခဲ့ကာ ထွက်ရှိလာသော ပဲတီစိမ်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးမွေးမြူကြီးကြပ်မှု ကော်မတီဝင်များက ကြည့်ရှုကြရာ ပဲတီစိမ်းသြဇီတစ်ဧကလျှင် ၃၁ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။ **သျှင်ဝင်းသျှင်**

*စာမျက်နှာ ၆ မှ*

ဤနည်းလမ်းများသည် စစ်မှန်သော ရာသက်ပန်လေ့လာမှုကို ကျင့်သုံးလိုသော နိုင်ငံများအတွက် အားတက်စရာနမူနာတစ်ခုဖြစ်သည်။

စင်ကာပူနိုင်ငံ ရာသက်ပန်သင်ယူမှုစနစ်တွင် စာရေးသူ၏ တပည့်ဟောင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ၁၉၈၇ ခုနှစ် ဘွဲ့ရ - ဦးသောင်းထွဋ်သည် ဘာသာရပ်အသစ် ဒုတိယဘွဲ့ - နည်းပညာဘွဲ့ (စက်မှုဆိုင်ရာ အင်ဂျင်နီယာစီမံခန့်ခွဲမှု) B. Technology (Industrial & Management Engineering) နှင့် တတိယဘွဲ့-မဟာသိပ္ပံပညာ (ထောက်ပံ့ရေးကွင်းဆက်များ စီမံခန့်ခွဲမှုပညာ) M.Sc. (Supply Chain Management) တို့ ဆက်လက်တက်ရောက်သင်ကြားခဲ့ပြီး စင်ကာပူအမျိုးသားတက္ကသိုလ် စီးပွားရေးဆိုင်ရာ အဆင့်မြင့်ကျောင်း (NUS Business School) တွင် လုပ်ငန်းဆောင်တာနည်းပညာ စီမံခန့်ခွဲမှုဘာသာ (Operation Technology Management) နည်းပြဆရာအဖြစ် သင်ကြားပေးခဲ့ပါသည်။

ဆိုလိုချင်သည်မှာ စင်ကာပူပညာရေးစနစ်က အသက်၊ ဘာသာရပ် ကန့်သတ်မထားပါ။ မိမိ၏ စိတ်ဝင်စားမှု၊ အချိန်၊ ငွေကြေးအဆင်ပြေပါက အသက် ၇၀ ကျော်သည်အထိလည်းကောင်း၊ နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ ကြိုက်ရာဘာသာရပ်များကို လက်မှတ်ရသင်တန်း (Certificate Course) မှသည် ပါရဂူဘွဲ့ (PhD Program) သင်တန်းများအထိလည်းကောင်း တက်ရောက်နိုင်ပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်များအတွက် ဘာသာရပ်အသစ်များ/ပညာရပ်အသစ်များအကြောင်း ဆက်ဆွေးနွေးရအောင်ပါ။

**(၄) (D – Plant Diseases/Plant Pathology) အပင်ရောဂါဗေဒ**

အပင်ရောဂါဗေဒက မျက်စိဖြင့် မမြင်ရသော အဏုဇီဝများ (Microbes) အကြောင်း လေ့လာရသော အပင်အဏုဇီဝဗေဒ (Plant Microbiology) ပညာကိုပါလေ့လာရပါမည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်မှ တိုးချဲ့ဖွင့်လှစ်ခဲ့သော စိုက်ပျိုးရေးအဏုဇီဝဗေဒ (Agricultural Microbiology)ဌာန ဘာသာရပ်များ အလှည့်ကျမှ ဆွေးနွေးပါမည်။

(၄-က) ပုံမှန်အပင်ရောဂါဗေဒ ဘာသာများ (Classical Plant Pathology) ဖြစ်သော မှိုပညာ၊ ဗက်တီးရီးယားပညာ၊ ဗိုင်းစ်ရပ်ပညာ၊ နီမာတုပ်ပညာများအပြင် -

(၄-ခ) ဇီဝကမ္မဆိုင်ရာ အပင်ရောဂါဗေဒ (Physiological Plant Pathology)

(၄-ဂ) ရောဂါများကိုစုပေါင်း၍စီမံခန့်ခွဲခြင်း (Integrated Disease Management)

(၄-ဃ) အပင်ရောဂါများအား ရှာဖွေစစ်ဆေးခြင်း (Plant Disease Diagnostics)

(၄-င) မော်လီကျူးဆိုင်ရာအပင်ရောဂါပညာ (Molecular Plant Pathology)

(၄-စ) ရာသီဥတုပြောင်းလဲမှုနှင့် အပင်တွင်ကျရောက်သောရောဂါများ (Climate Change and Plant Diseases) စသည်ဖြင့် များပြားလှပါသည်။

နိုင်ငံတကာ အပင်ရောဂါဗေဒပညာ/ဌာနရှိသော နာမည်ကြီးတက္ကသိုလ်များမှာ -

(၄-၁) အပင်ရောဂါနှင့် အပင်အဏုဇီဝအုပ်စု၊ စုစည်းထားသော အပင်သိပ္ပံပညာအဆင့်မြင့်ကျောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဇီဝသိပ္ပံကောလိပ်၊ ကော်နယ်တက္ကသိုလ် (Plant Pathology and Plant Microbes Biology Section, School of Integrative Plant Sciences, College of Agriculture and Life Sciences, Cornell University, US) ကမ္ဘာ့နာမည်ကြီးဘာသာမှာ အပင်နှင့် အဏုဇီဝပိုး တုံ့ပြန်မှု နောက်ဆုံးပေါ်နည်းပညာ (Cutting-edge Research in Plant-Microbe Interaction)၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော အပင်များမွေးမြူခြင်း (Plant Breeding for Disease Resistance) နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ် (Sustainable Agriculture) ဖြစ်ပါသည်။

(၄-၂) အပင်ရောဂါဗေဒဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်ဝန်းကျင်ကောလိပ်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ် (Department of Plant Pathology, College of Agriculture and Environmental Sciences) ကမ္ဘာ့နာမည်ကြီးဘာသာမှာ ဂျီနုန်းနှင့် မော်လီကျူလာနည်းပညာဆိုင်ရာ အပင်ရောဂါပညာ (Research into Genomics and Molecular Approach to Plant Pathology) ဖြစ်ပါသည်။

**(၅) (E – Entomology) ကိမိလဗေဒ/ အင်းဆက်များအကြောင်း လေ့လာသောပညာ**

စိုက်ပျိုးသီးနှံများကို နှောင့်ယှက်ဖျက်ဆီးသော ရောဂါများအပြင် ပိုးမွှား၊ ကြွက် (Rodents) စသည်တို့ကလည်း အပင်၊ အသီး၊ အပွင့်၊ အရွက်များ ပျက်စီးဆုံးရှုံးသွားအောင် ဖျက်ဆီးပါသည်။ ထိုဖျက်ပိုးများကို ကာကွယ်နှိမ်နင်းခြင်းကအစ အခြားဆက်စပ်ဘာသာရပ်များကို သင်ကြား၊ သုတေသနပြုပါသည်။

စာရေးသူ ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် မဟာစိုက်ပျိုးရေးသိပ္ပံပညာ သင်တန်းတက်ရောက်ခဲ့စဉ်က ကိမိလဗေဒဌာန/ ဘာသာရပ် (Department of Entomology) မှာ ဌာနအကြီးကြီး ဖြစ်ပါသည်။

စိုက်ပျိုးရေးကိမိလဗေဒ (Agricultural Entomology) ဘာသာတွင်မက မွေးမြူရေးဆိုင်ရာ ကိမိလဗေဒ (Veterinary Entomology)၊ ဆေးပညာဆိုင်ရာ ကိမိလဗေဒ (Medical Entomology) ဘာသာခွဲများစွာ ရှိပါသည် -

(၅-က) အင်းဆက်ရုပ်သွင်ပညာ (Insect Morphology)

(၅-ခ) အင်းဆက် အမျိုးအစားအမျိုးမျိုးခွဲခြားခြင်း (Insect Classification)

(၅-ဂ) အင်းဆက်ဇီဝကမ္မဗေဒ (Insect Physiology)

(၅-ဃ) အင်းဆက်နှင့် ပတ်ဝန်းကျင်ဆက်စပ်မှု/ အင်းဆက်ဂေဟဗေဒ (Insect Ecology)

(၅-င) ဇီဝနည်းဖြင့် အင်းဆက်ပိုးများ နှိမ်နင်းခြင်း (Biological Control of Insects)

(၅-စ) ဓာတုဆေး/ပိုးသတ်ဆေး အဆိပ်ဗေဒ (Pesticide Toxicology)

(၅-ဆ) အပင်ဖျက်ပိုးများကို စုပေါင်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း (IPM – Integrated Pest Management)

(၅-ဇ) သိုလှောင်ချိန်တွင်ရှိ ဖျက်ပိုးများ (Store-Product Pests) စသည်ဖြင့် များစွာရှိပါသည်။

တစ်ဖန် အကျိုးပြုလူမှု အင်းဆက်ပိုးများ (Social Insects) ဖြစ်သည့် ယခင်စာရေးသူတို့ ကျောင်းသားဘဝက သင်ယူခဲ့ရသော -

(၅-ဈ) ပိုးချည်ပညာ (Sericulture)

(၅-ည) ပျားမွေးမြူရေးပညာ (Apiculture/ Bee Keeping) (မွေးမြူရေးတက္ကသိုလ်တွင်ရှိ)

(၅-ဋ) စက်မှုလုပ်ငန်းသုံးကိမိလဗေဒ (Industrial Entomology) ပညာများ၊ ဘာသာများသည်လည်း အတိုင်းအတာတစ်ရပ်အထိ ချဲ့ထွင်ဖွင့်လှစ်၊ သင်ကြား၊ သုတေသနပြုသင့်ပါသည်။ ဤကိမိလဗေဒဘာသာရပ် (E – Entomology) ကို ပညာရေးဝန်ကြီးဌာန တက္ကသိုလ်အချို့ရှိ သတ္တဗေဒဌာန (Department of Zoology) များအောက်တွင်လည်း သင်ကြား၊ သုတေသနပြုလျက်ရှိပါသည်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော အသုံးချသိပ္ပံ (Applied Science) ပညာရပ်များကို စုပေါင်းဆောင်ရွက်သင့်ပါသည်ဟု အကြံပြုလိုပါသည်။ ယခု ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် ဤဘာသာရပ်နှစ်ခု ပူးပေါင်းသင်ကြား၊ သုတေသနပြုနေပါသည်။

ဤဌာန/ဘာသာရှိသော ကမ္ဘာ့နာမည်ကြီး တက္ကသိုလ်များမှာ -

(၅-၁) ကိမိလဗေဒဌာန၊ စိုက်ပျိုးမွေးမြူရေးကောလိပ်၊ အီလီနွိုင်းတက္ကသိုလ်၊ အာဗေးနား-ချန်ပိန် (Department of Entomology, College of Agriculture, University of Illinois, Urbana-Champaign, US) နာမည်ကြီးဘာသာမှာ ပိုးမွှားစုပေါင်းနှိမ်နင်းခြင်း (IPM) နှင့် အင်းဆက်နှင့် ပတ်ဝန်းကျင်ဆက်စပ်မှု/အင်းဆက်ဂေဟဗေဒ (Insect Ecology) ဖြစ်ပါသည်။

(၅-၂) အသုံးချကိမိလဗေဒဌာနခွဲ၊ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒသုတေသနဌာန၊ အင်ပီးရီးရယ်ကောလိပ်၊ လန်ဒန် (Applied Entomology Division, Imperial College London) နာမည်ကြီးဘာသာမှာ ရောဂါသယ်ဆောင်သော ပိုးမွှားဇီဝဗေဒ (Vector Biology) နှင့် သီးနှံကာကွယ်ရေး (Crop Protection)တို့ ဖြစ်ပါသည်။

**(လွန်ခဲ့သော နှစ် (၁၀၀)ကတည်းက မန္တလေးမြို့တွင် စတင်ခဲ့သော စိုက်ပျိုးရေးတက္ကသိုလ် သင်ကြား၊ သုတေသနပြုမှုသမိုင်းအရ (A,B, C, D, E – A-Agriculture, B-Botany, C-Chemistry) စသည့်ဘာသာများမှသည် ရုက္ခဗေဒဘာသာကြီးအောက်တွင် သင်ကြားခဲ့ကာ ဌာနအသစ်ခွဲထွက်သွားကြသော အပင်ရောဂါ (D – Diseases)၊ ဥယျာဉ်ခြံသီးနှံပညာ (H – Horticulture)၊ လယ်ယာသီးနှံဌာနမှ ဌာနအသစ်များ ခွဲထွက်သင်ကြားသွားခဲ့သော စိုက်ပျိုးစီးပွားရေးပညာ (A.Ec – Agricultural Economics)၊ စိုက်ပျိုးရေးအင်ဂျင်နီယာ (A.Eg – Agricultural Engineering)၊ စိုက်ပျိုးရေးသမားတို့အတွက် မွေးမြူရေးသိပ္ပံ (AS – Animal Science) ဌာန/ဘာသာများနှင့် ဌာန/ဘာသာရပ်အသစ်များ စသည်တို့ကို ဆက်လက်ဆွေးနွေးပါဦးမည်)**

မှီငြမ်းစာအုပ် -

ဘိုးလှိုင် (၂၀၁၃) ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ၊ ဒေါင်းစာပေ၊ ၄၂၅ မျက်နှာ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပိဋကတ်ဘာသာပြန် စာတည်းကော်မတီအဖွဲ့နှင့်တွေ့ဆုံ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ (ရန်ကုန်)မှ ကျမ်းစာအုပ်များကို Soft Copy ရရှိရေး ဆောင်ရွက်လျက်ရှိကြသော သာသနာပြုရဟန်းတော်များ၊ ၁၉၈၀ ပြည့်နှစ်ကတည်းက အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ကြသည့် ပိဋကတ်တော်ကျမ်းများကို ပြန်လည်စိစစ် တည်းဖြတ်လျက်ရှိကြသော ပိဋကတ်ဘာသာပြန်စာတည်း ကော်မတီအဖွဲ့နှင့်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အင်္ဂလိပ်ဘာသာ ပြန်ဆိုရန် ကျမ်း ၅၃ ကျမ်းအနက် ဘာသာပြန်ပြီး ကျမ်း ၄၆ ကျမ်းမှာ ၂၈ကျမ်းကို ယခင်က ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ယခု ကျမ်း ၈ ကျမ်းကို ထပ်မံစိစစ်တည်းဖြတ်ပြီးဖြစ်၍ စုစုပေါင်း ကျမ်း ၃၆ ကျမ်း ဘာသာပြန်ဆိုပြီးဖြစ်ကြောင်း၊ ဘာသာပြန်ဆိုရန်ကျန်ရှိသည့် ကျမ်း ၇ ကျမ်းကို တက္ကသိုလ်လေးခုမှ ဘာသာပြန်ဆိုပေးနိုင်ရေး ဇန်နဝါရီ ၂၃ ရက်တွင် နေပြည်တော်၌ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)က ပေဋကောပဒေသ ကျမ်းနှင့်ကထာဝတ္ထုကျမ်းကိုလည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)က နေတ္တိကျမ်းနှင့် ဇာတကကျမ်း (ဒုတိယတွဲ) အပြင် ဘာသာပြန်ဆိုပြီးဖြစ်သည့် ယမိုက်ကျမ်းတွင် ထပ်မံဖြည့်စွက်ရန် လိုအပ်လျက်ရှိသော အထက်ကျမ်း၏ အပိုင်း (၄) ပိုင်းကိုလည်းကောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က စူဠနိဒ္ဒေသကျမ်းနှင့် မဟာနိဒ္ဒေသကျမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်က ပရိဝါရကျမ်းနှင့် ဇာတကကျမ်း (ပထမတွဲ) တို့ကိုလည်းကောင်း ဘာသာပြန်ဆိုရန် ခွဲဝေခဲ့ကြပါကြောင်း၊ ပိဋကတ်ဘာသာပြန်ဆိုသည့် လုပ်ငန်းစဉ် ၅ ရပ် အောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် လိုအပ်ချက်များအားလုံးကို ကူညီဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိဋကတ်ဘာသာပြန်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေနှင့် ပတ်သက်၍ ပိဋကသုံးပုံ ပါဠိတော်ကျမ်းများ အင်္ဂလိပ်ဘာသာပြန်ဆိုထုတ်ဝေပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆရာတော်များနှင့် ပိဋကတ်ဘာသာပြန်စာတည်းကော်မတီမှ ဆရာကြီး/ဆရာမကြီးများက တက္ကသိုလ် လေးခုသို့ ခွဲဝေဘာသာပြန်ဆိုမည့် ကျမ်း ၇ ကျမ်းကို အချိန်မီပြီးစီးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြခဲ့သည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဆရာတော်များနှင့် ပိဋကတ်ဘာသာပြန် စာတည်းကော်မတီမှ ပညာရှင် ဆရာကြီး/ဆရာမကြီးများကို အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**◆ရွှေဖုံးမှ**

အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး Trisak Indararusmi နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

ဦးစွာ အဆိုပါသုံးနိုင်ငံ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့– ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှုအခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အဆိုပါ သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့၌ တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ သုံးနိုင်ငံအကြား အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တားဆီးနှိမ်နင်းရေးစနစ် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ဇုန်များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ–တရုတ်–ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက လိုက်လံကြည့်ရှုစဉ်။





တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ – တရုတ် – ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက လိုက်လံကြည့်ရှုစဉ်။

---

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဆရာအတတ်ပညာရေး ဥပဒေမူကြမ်း ဖြည့်စွက်ပြင်ဆင်နိုင်ရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ရန်ကင်းပညာရေးဒီဂရီကောလိပ် အထူးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ဆရာအတတ်ပညာရေး ဥပဒေမူကြမ်း ဖြည့်စွက်ပြင်ဆင်နိုင်ရေး ဆွေးနွေးပွဲပြုလုပ်ရာ ပညာရေးဒီဂရီကောလိပ်ကျောင်းပေါင်း ၂၅ ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ တက်ရောက်သည်။(ယာပုံ)

ဦးစွာ ဦးကိုလေးဝင်း (ညွှန်ကြားရေးမှူးချုပ်–ငြိမ်း)က အမှာစကားပြောကြားပြီး ဆရာအတတ်ပညာရေး ဥပဒေမူကြမ်း ဖြည့်စွက်ပြင်ဆင်နိုင်ရေးအတွက် တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက အုပ်စုလိုက်ဆွေးနွေးခြင်းများ၊ အဖွဲ့လိုက် တင်ပြခြင်းများနှင့်အနှစ်ချုပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# မကြာမီ အတန်းတင်စာမေးပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပတော့မည်

## ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီ အတန်းတင်စာမေးပွဲများနှင့်တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုရာ၌ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ အမှားအယွင်းမရှိအောင် အထူးဂရုပြု၍ အလေးထား ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပါရဂူကျမ်းများနှင့် မဟာတန်းပရောဂျက်စာတမ်းများတွင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်ရောက်ပါကလည်း ကျောင်းသား ကျောင်းသူများအတွက် အကျိုးရှိမည့် နွေရာသီ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများဖြစ်စေရန် မိမိဘာသာရပ်ဆိုင်ရာစာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာဆည်းပူးနေရန်လိုကြောင်း၊ လာမည့်ပညာသင်နှစ်တွင် (KG+9) အခြေခံပညာအလယ်တန်းအဆင့်ထိ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်းသို့ရောက်ရှိရေး အားလုံးဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ယောက်အားဖြင့် ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောဆိုရိုးအတိုင်း မိမိတို့နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာ ဆရာမများအားလုံး အင်တိုက်အားတိုက် ဝိုင်းဝန်းလက်တွဲကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့က သင်ကြားရေး၊ ကျောင်းအုပ်ချုပ်ရေးနှင့် ကျောင်းလခပေးသွင်းရေး၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာပြီးမြောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ မြဝတီမြို့၌ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက် လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၀၃ ဦး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ အလယ်ပိုင်းရပ်ကွက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြသပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာန၏ကြီးကြပ်မှု၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရုံးများရှိ ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်သစ်တောဦးစီးဌာနနှင့် အင်းစိန်ခရိုင်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် သစ်တောဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပစဉ်။

ဇင်မင်းထိုက်(ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆန်းဝင်း၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ မီးဘေးအန္တရာယ်မရှိစေရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်က ဆင်ပေါင်ဝဲမြို့ ချောင်းကောက်ကျေးရွာ၊ လက်ပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်မှန်ကောင်းမွန်ပြီး အရည်အသွေးအာမခံချက်ရှိသည့် ဆေးဝါးများ သုံးစွဲနိုင်စေဖို့

စိုင်းဘုန်းမြင့်ကျော်(ဆေးဝါး)

**ဆေးဝါးဆိုသည်မှာ မိမိတို့ လူသားများအတွက် မရှိမဖြစ်သည့် အရာတစ်ခုဖြစ်သည်။ မိခင်၏ ဝမ်းဗိုက်အတွင်း ကိုယ်ဝန်ဆောင်စဉ်ကာလကတည်းက မိခင်သောက်သုံးလိုက်သော ဆေးဝါးများမှာ သွေးမှတစ်ဆင့် သန္ဓေသားဆီသို့ ရောက်ရှိခြင်းနည်းလမ်းဖြင့် လူ့လောကသို့ မရောက်ရှိခင်ကတည်းက ဆေးဝါးများနှင့် ထိတွေ့ခဲ့ကြသည်။ မွေးဖွားချိန်တွင်လည်း ရောဂါကာကွယ်ဆေးများ၊ ကုသဆေးများသုံးစွဲရသကဲ့သို့ အသက်အပိုင်းအခြားအလိုက် လူသားအားလုံးက နောက်ဆုံး သေဆုံးချိန်အထိတိုင်အောင် ဆေးဝါးများ မှီဝဲသုံးစွဲနေကြရသည်။**

လူ့ဘဝသက်တမ်း တစ်လျှောက်လုံး ဆေးဝါးများနှင့်ကင်းအောင် နေထိုင်အသက်ရှင်နိုင်သူ၊ ဆေးဝါးမသုံးစွဲဖူးသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပါ။ လူတို့သုံးစွဲနေသည့် ဆေးဝါးများကို သုံးစွဲရသည့် နည်းလမ်းအရ သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေး၊ ထည့်ဆေး စသည်ဖြင့် အမျိုးမျိုးရှိသကဲ့သို့ သုံးစွဲရသည့် ရည်ရွယ်ချက်ပေါ် မူတည်၍ အကိုက်အခဲပျောက်ဆေး၊ အဖျားပျောက်ဆေး၊ နှလုံးအားဆေး၊ အားဆေး၊ ကာကွယ်ဆေး၊ ပဋိသန္ဓေတားဆေး စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ အုပ်စုများ ခွဲခြားထားသည်ကိုလည်း အားလုံးအသိပင် ဖြစ်သည်။




တရားမဝင်ဆေးများ ဖမ်းဆီးရမိစဉ် ကာကွယ်ဆေးများအား အပူချိန် ၂-၈ ဒီဂရီစင်တီဂရိတ်တွင် သိုလှောင်ထားခြင်းမျိုးမဟုတ်ဘဲ ထိုင်ခုံပေါ်တွင်ကြွပ်ကြွပ်အိတ်ဖြင့်သာအလွယ်ထားရှိသည့် သက်သေမှတ်တမ်းပုံ။



တရားမဝင်ဆေးများ ဖမ်းဆီးရမိစဉ် ကာကွယ်ဆေးများအား အပူချိန် ၂-၈ ဒီဂရီစင်တီဂရိတ်တွင် သိုလှောင်ထားခြင်းမျိုးမဟုတ်ဘဲ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများအား မြေကြီးပေါ်တွင် ပုံထားသည့် သက်သေမှတ်တမ်းပုံ။

မည်သို့ပင် အမျိုးအစားခွဲခြားထားပါစေ ခြုံငုံတင်ပြရမည်ဆိုလျှင် ဆေးဝါးများအားလုံးသည် "Chemical" ခေါ် ဓာတုပစ္စည်းများဖြစ်ပါသည်။ ထို့ကြောင့် ဆေးဝါးများအား ၎င်းတို့၏ဓာတ်သဘာဝအရ အရည်အသွေးပေါ်မူတည်ပြီး စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေး အာမခံချက်ရှိသောဆေးဝါးများ၊ စံမညီဆေးဝါးများ၊ ပျက်စီးဆေးဝါးများ၊ ဆေးဝါးအတုများဟူ၍ ခွဲခြားနိုင်ပါသည်။

### အရည်အသွေးအာမခံချက်ရှိသော ဆေးဝါးများ

စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးအာမခံချက်ရှိသော ဆေးဝါးများသည် အရည်အသွေး ကောင်းမွန်မှန်ကန်ခြင်း၊ အစွမ်းအာနိသင်ထက်မြက်ခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းခြင်း စသည့်အချက်များနှင့် ကိုက်ညီသော ဆေးဝါးများဖြစ်သည်။

စံမညီဆေးဝါးများမှာ အရည်အသွေးလျော့နည်းပြီး အစွမ်းအာနိသင်ထက်မြက်မှုမရှိဘဲ လိုအပ်သော ဆေးအာနိသင်ပမာဏ ထိုက်သင့်သည့်အလျောက်မရနိုင်သော ဆေးဝါးများသည် စံမညီဆေးဝါးများ ဖြစ်သည်။ စံမညီဆေးဝါးများ သုံးစွဲမိလျှင် ရောဂါသက်သာပျောက်ကင်းခြင်းမရှိသည့်အပြင် ရောဂါကို မထိန်းနိုင်သောကြောင့် နောက်ဆက်တွဲ ဘေးဥပဒ်များ ဖြစ်စေနိုင်သည်။

ပျက်စီးဆေးဝါးများမှာ အရည်အသွေးကောင်းမွန်သော ဆေးဝါးများကို စနစ်တကျ သိုလှောင်သိမ်းဆည်းထားခြင်း မပြုသည့်အတွက် ဆေးဝါးများ၏ ဓာတ်သဘာဝများ ပြောင်းလဲသွားပြီး ပျက်စီးသွားသောကြောင့် ဆေးအာနိသင် လုံးဝမရနိုင်သော ဆေးဝါးများဖြစ်သည်။

ဆေးဝါးအတုများမှာ ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသောအရာ ဖြစ်သည်။

မိမိတို့သုံးစွဲသည့် ဆေးဝါးများကို အရည်အသွေးကောင်းမွန်မှန်ကန်သည့် ဆေးဝါးများကိုသာ အားလုံးက သုံးစွဲချင်သူများသာဖြစ်သည်။ စံမညီဆေးဝါးများ၊ ပျက်စီးဆေးဝါးများ၊ ဆေးဝါးအတုများကို မထင်မှတ်ဘဲ မရည်ရွယ်ဘဲ ဝယ်ယူသုံးစွဲမိနေကြသည်။ ဘာကြောင့်လဲ။ ယင်းကို အဖြေပေးရလျှင် ဆေးဝါးများကို အပြင်ပုံပန်းသဏ္ဌာန်အရ အရည်အသွေးကောင်းမွန်သော ဆေးဝါး၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ဆေးဝါးအတု ဆိုသည်ကို ခွဲခြားရန်မှာ မျက်မြင်ဆုံးဖြတ်၍ ရသောအရာများ မဟုတ်ပါ။

ထို့ကြောင့် အရည်အသွေးအာမခံချက်ရှိသည့် ဆေးဝါးများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အောက်ပါအချက် သုံးချက်ကို လိုက်နာရပါမည် -

(၁) ဆေးဝါးရောင်းချခွင့် လိုင်စင်ရရှိထားပြီး ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ် (Good Pharmacy Practices) နှင့်အညီ ရောင်းချသော စိတ်ချစစ်မှန်သော ဆေးဆိုင်များမှ ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲခြင်း၊

(၂) ဆေးဝါးများ ဝယ်ယူတဲ့အခါမှာ ကိုယ်ဝယ်ယူသုံးစွဲလိုက်တဲ့ ဆေးဝါးများမှာ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ် (Myanmar Registration Number) ရရှိထားပြီးဖြစ်သည့် ဆေးဝါးများကိုသာ ဝယ်ယူခြင်းနှင့်

(၃) ဆေးဝါးများကို လိပ်စာအတိအကျ နေရာအတည်တကျ မဖော်ပြဘဲ အွန်လိုင်းမှ ဖြန့်ချိရောင်းချခြင်းများ၊ တိကျသေချာမှု မရှိသည့် အွန်လိုင်းစာမျက်နှာများမှ ဝယ်ယူသုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်းတို့ပင်ဖြစ်သည်။

### စိတ်ချယုံကြည်စွာသုံးစွဲနိုင်

မိမိတို့နိုင်ငံတွင် ဆေးဝါးများ အရည်အသွေး၊ ဘေးကင်းမှု၊ အာနိသင်ရှိမှု စံသုံးရပ်နှင့် ကိုက်ညီစေရေး ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တာဝန်ယူကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ FDA အနေဖြင့် အများပြည်သူများ စစ်မှန်၊ မှန်ကန်သော ဆေးဝါးများ သုံးစွဲနိုင်ရန် ပြည်ပမှ တင်သွင်းလာသော ဆေးဝါးများ၊ ပြည်တွင်းမှ ထုတ်လုပ်သော ဆေးဝါးများကို စိစစ်ဆောင်ရွက်ကာ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ်များရရှိစေရေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆေးဝါးများကို ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ် (Good Pharmacy Practices-GPP) နှင့်အညီ ရောင်းချနိုင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ FDA မှ တရားဝင် တင်သွင်းခွင့်ပြုပြီး မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ် ရရှိပြီးသော ဆေးဝါးများမှာ ဈေးကွက်သို့ မတင်သွင်းမီ စစ်ဆေးမှုခံယူရခြင်း၊ တင်သွင်းစဉ် ဆေးဝါး အာနိသင်မပျက်စီးစေရေးအတွက် အရည်အသွေး ထိန်းသိမ်းမှု၊ သိုလှောင်သိမ်းဆည်းမှုနှင့် ဖြန့်ချိမှုများကို အစစ်ဆေးခံယူရခြင်း၊ ဈေးကွက်တင်သွင်းပြီးနောက် ဈေးကွက်ထောက်လှမ်းကြည့်ရှုခြင်း၊ ကောက်ယူစစ်ဆေးခြင်း Post Market Surveillance (PMS) များကို အဆင့်ဆင့်ခံယူထားပြီးဖြစ်ပါသဖြင့် အများပြည်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါသည်။

### စုံစမ်းဖော်ထုတ်အရေးယူ

လူသုံးကုန်၊ စားသောက်ကုန်များနှင့် အခြားကုန်ပစ္စည်းများသာမက ဆေးဝါးများနှင့် အမျိုးမျိုးသော တရားမဝင်ကုန်သွယ်မှုများကိုလည်း **“တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ”** ၏ လမ်းညွှန်မှုနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အရည်အသွေးအာမခံချက်မရှိသော ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်မှုများလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် အရည်အသွေးအာမခံချက်မရှိသည့် ဆေးဝါးများ၊ စံမညီဆေးဝါးများ၊ ဆေးဝါးအတုများ၊ ဖြန့်ချိရောင်းချနေမှုများကို FDA (မန္တလေး)နှင့် မှုခင်းရဲတပ်ဖွဲ့ (CID) တို့ ပူးပေါင်းစိစစ်ဖမ်းဆီး၍ အမျိုးသားဆေးဝါးဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ရသော အမှုပေါင်း ၃၄ မှု၊ ဖမ်းဆီးရမိသူပေါင်း ၅၂ ဦး၊ ဆေးအမျိုးအစားပေါင်း ၆၈၅ မျိုး၊ ကာလတန်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၄၆၀၇၁၅၉၁၀ ကျော် ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

### ဓာတ်ခွဲစမ်းသပ်စစ်ဆေး

စိစစ်ဖမ်းဆီးရမိသော တရားမဝင်ဆေးဝါးများကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်များအရ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများ၊ ပျက်စီးဆေးဝါးများဖြစ်နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် အပူချိန် (၂-၈) ဒီဂရီစင်တီဂရိတ်တွင်ထားသိုသိမ်းဆည်းထားမှ အာနိသင်ရှိနိုင်မည့် ကာကွယ်ဆေးများဖြစ်သည့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ မြွေဆိပ်ဖြေဆေး၊ အသည်းရောင်အသားဝါဘီ ရောဂါကာကွယ်ဆေး၊ ကိုဗစ်ရောဂါကာကွယ်ဆေး အစရှိသည့် ဆေးဝါးများကို စနစ်တကျ သိုလှောင်သိမ်းဆည်းရမည့်အစား အဆိုပါ ဆေးဝါးများကို ကြမ်းပြင်ပေါ်တွင် ဖြစ်သလိုပစ်ထားခြင်းများကိုလည်း ဖမ်းဆီးရမိချိန် မျက်မြင်တွေ့ရှိခဲ့ရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဆေးဝါးများကို ၎င်းတို့၏ ဂိုဒေါင်များတွင် နေ့စဉ်နေ့တိုင်း စနစ်တကျ သိုလှောင် သိမ်းဆည်းထားခြင်းမျိုး မဟုတ်ဘဲ လွယ်လွယ်ပုံထားမိကြောင်း၊ ရောင်းချရ၍ ဝယ်ယူသူများထံသို့ ပို့ဆောင်ကာနီးမှရေခဲများဖြင့်အေးအောင် ပြင်ဆင်ပြီး စနစ်တကျ သိုလှောင်ထားသည့်ပုံစံဖြင့် *စာမျက်နှာ ၁၁ သို့*

- **စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးအာမခံချက်ရှိသော ဆေးဝါးများသည် အရည်အသွေး ကောင်းမွန်မှန်ကန်ခြင်း၊ အစွမ်းအာနိသင်ထက်မြက်ခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းခြင်း စသည့်အချက်များနှင့် ကိုက်ညီသော ဆေးဝါးများဖြစ်**
- **စံမညီဆေးဝါးများမှာ အရည်အသွေးလျော့နည်းပြီး အစွမ်းအာနိသင် ထက်မြက်မှုမရှိဘဲ လိုအပ်သော ဆေးအာနိသင်ပမာဏ ထိုက်သင့်သည့်အလျောက် မရနိုင်သောဆေးဝါးများသည် စံမညီဆေးဝါးများ ဖြစ်သည်။ စံမညီဆေးဝါးများ သုံးစွဲမိလျှင် ရောဂါသက်သာပျောက်ကင်းခြင်းမရှိသည့်အပြင် ရောဂါကို မထိန်းနိုင်သောကြောင့် နောက်ဆက်တွဲ ဘေးဥပဒ်များဖြစ်စေနိုင်**



# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြင်းစီးအားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် အဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်အနေဖြင့် ဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းပြီး အလားအလာရှိသည့် အားကစားသမားများကို စနစ်တကျ ရွေးချယ်၍ နိုင်ငံတကာ မြင်းစီးအားကစားပြိုင်ပွဲများကို စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြင်းစီးအားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရှိပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြင်းစီးအားကစားလောက တိုးတက်မြင့်မားစေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့၌ အိမ်ရာအဆောက်အအုံနှင့် မြပညာ(အလင်းသစ်)စာကြည့်တိုက်ဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၁၇**



တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်သော ညွှန်ကြားရေးမှူးအိမ်ရာ နှစ်ခန်းတွဲ လေးထပ်အဆောက်အအုံသစ် နှစ်လုံးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ အဆိုပါအဆောက်အအုံများရှေ့၌ ကျင်းပသည်။

ဦးစွာ ညွှန်ကြားရေးမှူးအိမ်ရာ ပေ(၅၆ x ၅၀) နှစ်ခန်းတွဲ လေးထပ်အဆောက်အအုံသစ် နှစ်လုံးအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံသစ် ကမ္ပည်းကျောက်ပြားအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဆက်လက်ကျင်းပ၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၃) ဒုတိယညွှန်ကြားရေးမှူးက အဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခေတ္တပြည်နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ မြပညာ(အလင်းသစ်စာကြည့်တိုက်)ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာအုပ်စာစောင်ပေါင်း ၃၀၀၀ ခန့်နှင့် ပရိဘောဂများစုံလင်စွာပါရှိသော မြပညာ(အလင်းသစ်) စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များကို ပညာရပ်အလိုက် စနစ်တကျ ခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက စာကြည့်တိုက်ဆိုင်ရာ စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်ဖြစ်မြောက်ရေး ထည့်ဝင်လှူဒါန်းပေးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**



မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ရှိစွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဖြင့် လည်းကောင်း၊ Video Conferencing စနစ်ဖြင့် လည်းကောင်း တက်ရောက် ဆွေးနွေးကြသည်။ နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများက In person

ဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)က မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီမှ ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားဝတ်စုံများ၏ အချက်အလက်များ ပေးပို့ရာတွင် မှန်ကန်မှုရှိရေး၊ ဝတ်စုံများ၏ သမိုင်းကြောင်းများ၊ ဝတ်စုံများနှင့် ပတ်သက်၍ သက်ဆိုင်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်ကြသူများက မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ရမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီအတွင်းရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ယနေ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အတည်ပြုတင်ပြပြီး ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

လိုက်လံပို့ဆောင်ကြောင်းကိုလည်း သိရှိရသည်။ မသမာသူ ဝိသမလောဘသားများအနေဖြင့် မိမိအကျိုး အမြတ်ကိုသာ ရှေ့တန်းတင်၍ အရည်အသွေးအာမခံချက်မရှိမှန်း သိသိလျက်ဖြင့်ပင် လူ့အသက်အန္တရာယ်ကို မျက်ကွယ်ပြု၍ တရားမဝင် ရောင်းချဖြန့်ဖြူးနေခြင်းများစွာကို ထိတ်လန့်ဖွယ်တွေ့ရှိခဲ့ရသည်။ ဖမ်းဆီးရမိသမျှ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါးများကို အွန်လိုင်းပေါ်မှ ကြော်ငြာပြီး တရားမဝင် ဖြန့်ချိနေကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် တရားမဝင် ကုန်သွယ်မှု လမ်းကြောင်းများမှ တင်သွင်းလာသည့် ဆေးဝါးများမှာလည်း အရည်အသွေး စိစစ်မှုမရှိဘဲ ဈေးကွက်အတွင်း ရောက်ရှိလာသောကြောင့် ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါးများဖြစ်နေသည်ကို ဖမ်းဆီးရမိသော ဖြစ်စဉ်များက သက်သေပြနေသည်။ ဆေးဝါးများကြောင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာသည့်အခါမှာ တရားဝင်တင်သွင်းလာသည့် ဆေးဝါးများဆိုလျှင် ဆေးဝါးကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆက်လက် ဆောင်ရွက်နိုင်ပါသည်။ တရားဝင်တင်သွင်းလာသော ဆေးဝါးကုမ္ပဏီများက အဆင့်ဆင့်တာဝန်ယူ၊ တာဝန်ခံမှုများရှိသော်လည်း တရားမဝင် ဆေးဝါးများကြောင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာပါက မည်သူတစ်ဦးတစ်ယောက်မျှ တာဝန်ယူ၊ တာဝန်ခံမှု ရှိမည်မဟုတ်ပါ။ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါးများ ဖြစ်နေသည့်အတွက် တရားမဝင် ဆေးဝါးများကြောင့် ဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်မှုမှာလည်း ပိုမိုပြင်းထန်ပြီး အသက်သေဆုံးသည်အထိပင် ဖြစ်နိုင်သည်။

ထို့ကြောင့် မိမိတို့ ပြည်သူများအနေဖြင့် ဆေးဝါးများကို ဝယ်ယူသုံးစွဲသည့်အခါ မိမိတို့ ကျန်းမာရေးအတွက် အမှန်တကယ်အကျိုးပြုသော ဆေးဝါးများကို ရရှိနိုင်စေရေးအတွက် တရားမဝင်ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုဘဲ အရည်အသွေးအာမခံချက် အပြည့်အဝရှိသော မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်ပါရှိသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲဖို့ တိုက်တွန်းလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်





**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည်-

၁။ နိုင်ငံတော် ကာကွယ်ရေး တာဝန်တွေကို တစ်ထောင့်တစ်နေရာက ထမ်းဆောင်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာကြောင့် ဒီဥပဒေပြဋ္ဌာန်းခြင်းက မဖြစ်မနေရှိသင့်တဲ့ ပြဋ္ဌာန်းချက် တစ်ခုပဲလို့ ထင်မြင်မိပါတယ်။ နောင်လာမယ့် ညီငယ်တွေလည်း ဒီသင်တန်းကို လာရောက်တက်သင့်တယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

၂။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်အဓိကကတော့ မြန်မာနိုင်ငံသား တစ်ယောက်ပီပီ နိုင်ငံသား တစ်ယောက်ရဲ့ တာဝန်ဝတ္တရားအရ ကျွန်တော်တို့ ဒါကိုတက်ကို တက်ရမယ့် နိုင်ငံသားဥပဒေပါတဲ့အတွက်ကြောင့် ဒီမှာတက်ရောက်တာဖြစ်ပါတယ်ခင်ဗျာ။ ပြည်သူ တစ်ယောက်အနေနဲ့ တာဝန်သိ၊ တာဝန်ယူတဲ့စိတ်နဲ့ လာရောက်တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။

၃။ ကျွန်တော့် ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ချမှတ်ထားတဲ့ ဥပဒေတိုင်းကို မြန်မာနိုင်ငံသားတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဥပဒေကို လိုက်နာတဲ့အနေနဲ့ ဒီသင်တန်းကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးတဲ့အတွက် ကျွန်တော့်အမြင်ကတော့ အလွန်ကောင်းတယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများမှာလည်း စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြတာပါ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားနိုင်ငံတွေပါ ကျင့်သုံးနေခြင်းဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကောင်းလည်း ကောင်းတယ်၊ လက်လည်း လက်ခံပါတယ်။

**သတင်းစဉ်**




















# အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။**



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခင်က စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများကို Face to face ဖွင့်လှစ်ခဲ့ရာမှ ယခုသင်တန်း အမှတ်စဉ်မှစ၍ ဝန်ထမ်းများ ကုန်ကျစရိတ်သက်သာစွာဖြင့် တာဝန်ထမ်းဆောင်ရာဒေသမှ လုပ်ငန်းခွင်မပျက် သင်တန်း တက်ရောက်နိုင်ရန် Online ဖြင့် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းတွင် ပြည့်စုံမှန်ကန်သည့် စာရင်းများကို အများလက်ခံကျင့်သုံးနေသည့် စာရင်းကိုင် မူဝါဒများနှင့်အညီ လိုက်နာ ရေးဆွဲတတ်စေရန်၊ ဝန်ထမ်းရေးရာကိစ္စများ၊ အသုံးစရိတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည်တို့ကိုစနစ်တကျဆောင်ရွက်တတ်စေရန် အခြေခံစာရင်းရေး စာရင်းကိုင်ပညာနှင့် စတိုပစ္စည်းစာရင်းထားနည်း၊ ဘဏ္ဍာရေး စည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ ဦးစီးဌာနစာရင်းပညာနှင့် ရုံးစာရေးသားနည်း ဘာသာရပ်များကို ပို့ချပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် ဘာသာရပ်ဆိုင်ရာ ပို့ချမှုများကို သေချာနားလည်ပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့လာသင်ယူမှတ်သားကြရန်နှင့် သင်တန်းစည်းကမ်းများကို လေးစားလိုက်နာ၍ နိုင်ငံနှင့် မိမိဌာနမှ အားကိုးအားထား ပြုနိုင်သည့် ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသည့် စည်းကမ်းလိုက်နာသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် နေပြည်တော်မှ ၄၃၄ ဦး၊ ကရင်ပြည်နယ်မှ ၁၄ ဦး၊ ချင်းပြည်နယ်မှ ၁၀ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဦး၊ မွန်ပြည်နယ်မှ ၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၆၄ ဦး၊ ရှမ်းပြည်နယ်မှ ၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၇ ဦး စုစုပေါင်း ၁၀၀၀ ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ဇွန် ၁၀ ရက်အထိ Online ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**



နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က) အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(က)အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ (ခ)အဆင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထွန်းမြတ်ရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# 25th Singha Thailand Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး အဆင့် ၄ ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ Singha Park Khon Kaen Golf Club, Khan Kaen Lake View Resort & Golf Club ၌ကျင်းပသည့် 25th Singha Thailand Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ကျော်သက်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အဆင့် ၄ နေရာရရှိခဲ့သည်။

ကျော်သက်ဦးသည် ယင်းပြိုင်ပွဲ၏ ပထမနေ့တွင် စုစုပေါင်းရိုက်ချက် ၇၁ ချက်၊ ဒုတိယနေ့တွင် စုစုပေါင်းရိုက်ချက် ၇၁ ချက်၊ တတိယနေ့တွင် စုစုပေါင်းရိုက်ချက် ၇၂ ချက်၊ နောက်ဆုံးနေ့တွင် စုစုပေါင်းရိုက်ချက် ၆၉ ချက်ဖြင့် လေးရက်ပေါင်း ၂၈၃ ချက်ရိုက်ကာ သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အဆင့် ၄ နေရာ ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းဂေါက်သီးရိုက်ကစားမား Tanapat PICHAIKOOL က လေးရက်ပေါင်းရိုက်ချက် ၂၈၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ပြီး ပထမဆုဆွတ်ခူးရရှိကာ ဆုကြေးငွေ ဘတ်ခုနစ်သိန်းခွဲရရှိပြီး အဆင့် ၄ ရရှိသော ကျော်သက်ဦးမှာမူ ဆုကြေးငွေ ထိုင်းဘတ်တစ်သိန်းခြောက်သောင်းခြောက်ထောင် ဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ကစားသမား ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျော်သက်ဦးသည် Thailand PGA Tour နှင့် All Thailand Golf Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦးဖြစ်သည်။ ကျော်သက်ဦးသည် ၂၀၂၄ ခုနှစ် ဩဂုတ်တွင် ကျင်းပသည့် SINGHA–SAT TDT Prachinburi ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု၊ နိုဝင်ဘာတွင်ကျင်းပသည့် Singha Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယအပါအဝင် အောင်မြင်မှုများရရှိထားကြောင်း သိရသည်။

**ကိုညီလေး**




# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG)မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ပြုလုပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် Tour Pro အဆင့် ၃၆ ဦး၊ Senior Pro အဆင့် ၂၈ ဦး၊ ဝါသနာရှင်အဆင့် ကိုးဦး စုစုပေါင်း အားကစားသမား ၇၃ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ဖေဖော်ဝါရီ ၂၀ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အားကစားမြှင့်တင်စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# နေတန်ယာဟုနှင့် ရူဘီယိုတို့ ဂါဇာအပေါ် သမ္မတထရမ့်၏ အမြင်နှင့်ပတ်သက်ပြီး ဆွေးနွေး

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၇

**ဂါဇာကမ်းမြောင်ဒေသအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပြုချက်နှင့်ပတ်သက်ပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုနှင့် ဆွေးနွေးခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောကြားလိုက်သည်။**

နေတန်ယာဟုနှင့် ရူဘီယိုတို့သည် ဂျေရုဆလင်မြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ဆုံခဲ့ကြကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် အထက်ပါကိစ္စရပ်အများအပြားနှင့်ပတ်သက်ပြီး အလွန်အကျိုးရှိသော ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြောင်း နေတန်ယာဟုက ပြောသည်။ ထို့အပြင် ဂါဇာကမ်းမြောင်၏ အနာဂတ်နှင့်ပတ်သက်ပြီး ထရမ့်၏ မျှော်မှန်းချက်ကို ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမျှော်မှန်းချက် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

အမေရိကန်က ဂါဇာကို သိမ်းပိုက်ရယူပြီး နယ်မြေကို ပြန်လည်တည်ဆောက်မည်ဟု ဒေါ်နယ်ထရမ့်က ယခုလအစောပိုင်းတွင် ပြောကြားထားသည်။ ထို့အပြင် ဂါဇာဒေသခံများကို အခြားတစ်နေရာတွင် ပြန်လည်နေရာချထားမည်ဟုလည်း ပြောကြားထားသည်။

ဇန်နဝါရီ ၁၉ ရက်က စတင်ခဲ့သော အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့အကြား သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမှာ ဆက်လက်တည်မြဲလျက်ရှိသည်။ သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က ဓားစာခံ ၃၃ ဦးအနက် ၁၉ ဦးလွှတ်ပေးပြီး ဖြစ်သည်။ အပြန်အလှန်အားဖြင့် အစ္စရေးကလည်း ပါလက်စတိုင်း ၁၁၀၀ ကျော် လွှတ်ပေးပြီးဖြစ်သည်။

အင်န်အိတ်ချ်ကေ



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု။

## အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံပေါင်းစုံ ရေကြောင်းစစ်ရေးလေ့ကျင့်မှု စတင်

**ဂျကာတာ ဖေဖော်ဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် နိုင်ငံပေါင်းစုံ ရေကြောင်းစစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရေကြောင်းစစ်ရေး လေ့ကျင့်မှုတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၃၈ နိုင်ငံ ပါဝင်သည်။

ကိုမိုဒိုဟုခေါ်သော အဆိုပါ နိုင်ငံပေါင်းစုံ ရေကြောင်းစစ်ရေး လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ခဲ့ကြောင်း၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။ ထို့အပြင် ယင်းစစ်ရေး လေ့ကျင့်မှုတွင် စစ်ဘက်ဆိုင်ရာ သင်္ဘောအစင်း ၃၀ ကျော်၊ ရေကြောင်းကင်းလှည့်လေယာဉ်နှင့် ရဟတ်ယာဉ်တို့ ပါဝင်သည်။

စစ်ရေး လေ့ကျင့်မှုတွင် ပါဝင်သူများသည် ဘေးအန္တရာယ်လျော့ပါးရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည်ဖြစ်သည်။ ပင်လယ်ပြင် လေ့ကျင့်မှုများအပြင် တရားမဝင် ငါးဖမ်းခြင်း၊ မှောင်ခိုကူးခြင်းနှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ အရေးနှင့်ပတ်သက်ပြီးလည်း ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်သည်။

အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်သည် စစ်ရေးလေ့ကျင့်မှုက နိုင်ငံများအကြား တင်းမာမှုများကို ဖြေလျှော့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၂ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ




## အမေရိကန်လေကြောင်းတိုက်မိမှုကြောင့် အက်ဖ်အေအေမှ ဝန်ထမ်းများကို ထရမ့်အလုပ်ထုတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

ရော်နယ်ရေဂန်ဝါရှင်တန် အမျိုးသားလေဆိပ်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အသေအပျောက်အများဆုံး လေကြောင်းတိုက်မှုတစ်ခု ဖြစ်ပွားမှု သီတင်းပတ်အနည်းငယ်ကြာပြီးနောက် ထရမ့်အစိုးရသည် အမေရိကန်ဖက်ဒရယ်လေကြောင်းစီမံအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ) မှ ဝန်ထမ်းရာပေါင်းများစွာအား အလုပ်ထုတ်လိုက်ကြောင်း သိရသည်။

အလုပ်ထုတ်ခံလိုက်ရသည့်ဝန်ထမ်းများတွင် အက်ဖ်အေအေရေဒါအတွက် ငှားရမ်းထားသော အမှုထမ်းများ၊ လေယာဉ်ဆင်းသက်ခြင်းနှင့် လေကြောင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများ ပါဝင်သည်ဟု လေကြောင်းထိန်းသိမ်းရေးမှူးတစ်ဦးက ပြောသည်။ အလုပ်ထုတ်ခံရသူများအား အက်ဖ်အေအေအဆောက်အအုံသို့ ဝင်ရောက်ခွင့်ကို တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၉ ရက်က အမေရိကန်တပ်မတော် ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စင်းနှင့် ခရီးသည်တင်လေယာဉ်တစ်စင်းတို့ ဝေဟင်၌ တိုက်မိမှုဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်မိမှုကို ယခုအချိန်အထိ ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

အေပီ

## မိုက်ခရိုဆော့ဖ်က ပိုလန်နိုင်ငံ၌ ဒေါ်လာ သန်း ၇၀၀ ထပ်မံရင်းနှီးမြှုပ်နှံမည်

**ဝါဆော ဖေဖော်ဝါရီ ၁၇**

ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တပ်စ်နှင့် မိုက်ခရိုဆော့ဖ် ဒုတိယသဘာပတိနှင့် ဥက္ကဋ္ဌ ဘရက်စမစ်တို့ ဖေဖော်ဝါရီ ၁၇ ရက်က အစည်းအဝေးကျင်းပပြီးနောက် မိုက်ခရိုဆော့ဖ်က ပိုလန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ထပ်မံရင်းနှီးမြှုပ်နှံသွားမည်ဟု အတည်ပြုပြောကြားသည်။

နိုင်ငံ၏ အနာဂတ်၊ လုံခြုံရေး၊ လူငယ်များ၊ လုပ်ဆောင်ချက်များနှင့် သိပ္ပံပညာရှင်များကို မြှင့်တင်ပေးရန် အဆိုပါရင်းနှီးမြှုပ်နှံမှုကို တိုက်တွန်းကြောင်း သတင်းစာရှင်းလင်းပွဲတွင် တပ်စ်က ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှု၏ အဆင့်ပြောင်းလဲမှုသစ်များကို စုစုပေါင်းဒေါ်လာ သန်း ၇၀၀ ဖြင့် ယခုအချိန်မှစတင်ကာ ၂၀၂၆ ခုနှစ် နွေရာသီကာလအထိ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဘရက်စမစ်က ပြောကြားသည်။ မိုက်ခရိုဆော့ဖ်သည် ပိုလန်နိုင်ငံ၌ cloud ဒေသတစ်ခုတည်ထောင်ရန် ၂၀၂၀ ပြည့်နှစ်အတွင်း ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရာ ယင်းလုပ်ငန်းမှာ ၂၀၂၃ ခုနှစ်တွင် ပြီးဆုံးခဲ့ကြောင်း ၎င်းကဆိုသည်။ အသစ်ကြေညာထားသည့် ရင်းနှီးမြှုပ်နှံမှု ဒုတိယအဆင့်မှာ ပိုလန်နိုင်ငံနှင့် ဥရောပဒေသအနှံ့ ကွန်ပျူတာစွမ်းအားမြှင့်တင်ရန် ရည်ရွယ်ခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံ၌ cloud ဝန်ဆောင်မှုများနှင့် ကွန်ပျူတာစွမ်းအားအတွင်း မိုက်ခရိုဆော့ဖ်၏ ရင်းနှီးမြှုပ်နှံမှုသည် ပိုလန်လက်နက်ကိုင်တပ်ဖွဲ့များနှင့်ပူးပေါင်း၍ ဆိုက်ဘာလုံခြုံရေးကြိုးပမ်းမှုများအတွက် အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

## အီဂျစ်နိုင်ငံ၌ အဆောက်အအုံပြိုကျမှုကြောင့် ၁၀ ဦးထက်မနည်းသေဆုံး

**ကိုင်ရို ဖေဖော်ဝါရီ ၁၇**

အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်၌ ဖေဖော်ဝါရီ၁၇ရက်တွင်အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားသဖြင့် ၁၀ ဦးထက်မနည်း သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဒေသတွင်း မီဒီယာများက ထုတ်ပြန်ထားသည်။

ဂီဇာပိရမစ်အနီး ကာဒါဆာဒေသ၌ သုံးထပ်အဆောက်အအုံ၏ ဒုတိယထပ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။



အဆောက်အအုံ ပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများအား အနီးနားရှိဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားသဖြင့် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့များက မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှု ဖြစ်ပေါ်နိုင်ကြောင်း ပဏာမ စုံစမ်းစစ်ဆေးမှုများအရ သိရသည်။ ဆင်ဟွာ

## လက်ဘနွန်နိုင်ငံ၌ အစ္စရေးတိုက်ခိုက်မှုကြောင့် ဟားမားစ်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးသေဆုံး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၇**

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟားမားစ်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးသေဆုံးကြောင်း အစ္စရေးလုံခြုံရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

တပ်မတော် လေယာဉ်များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းမြို့ဖြစ်သည့် ဆီဒုန်၌ မိုဟာမက်ရှာဟင်ကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း အစ္စရေးတပ်မတော်နှင့် ရှင်းဘက် ပြည်တွင်း လုံခြုံရေးအေဂျင်စီက ပူးတွဲထုတ်ပြန်ထားသည်။

ဆီဒုန်အဝင်လမ်းရှိ ကားတစ်စီးကိုပစ်မှတ်ထားကာ အစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာလိုလားသည့် ရုပ်သံအယ်မာယာဒင်က ထုတ်ပြန်ထားသည်။ ရုပ်သံဖိုင်တစ်ခုတွင် အဝေးပြေးလမ်းမပေါ်၌ မီးလောင်နေသည့် ယာဉ်တစ်စီးမှ မီးခိုးများထွက်ပေါ်နေသည်ကို တွေ့ရသည်။

ဆင်ဟွာ

## စဉ့်ကိုင်မြို့နယ်၌ ဆောင်းမြေပဲသီးနှံတစ်ဧက ၄၆ တင်းထွက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မြေပဲသီးနှံကို ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းမြေပဲစိုက်ပျိုးမှုအနေဖြင့် စိုက်ဧက ၁၁၅၇ ဧက စိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်၌ ၅၆ ဧက စိုက်ပျိုးထားရှိကြောင်း၊ ဆောင်းမြေပဲသီးနှံများကို ဖေဖော်ဝါရီလပထမပတ်မှ စတင်၍ တူးဖော်လျက်ရှိပြီး စဉ့်ကိုင်မြို့နယ်၌ ၃၅ ဧက တူးဖော်ပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းမြေပဲ သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် တူးဖော်ကြကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်မြေပဲမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၃၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၄၆ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများနှင့် ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ မြေပဲစိုက်ပျိုးခြင်းသည် စားသုံးဆီဖူလုံသည့်အပြင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

DOCA (မန္တလေး)

## စဉ့်ကိုင်မြို့နယ်၌ ဆောင်းနှမ်းသီးနှံများ စတင်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ၁၁၈၆၇ ဧက စိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်၌ ၁၀၈၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ နှမ်းသီးနှံများကို ဖေဖော်ဝါရီလ ပထမအပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိပြီး စဉ့်ကိုင်မြို့နယ်၌ ၁၀၀၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှအထွက်တင်း ၉-၁၀ တင်းခန့် ထွက်ရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းနှမ်းကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် နှမ်းဖြူမျိုးများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြစ်သားမြို့နှင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်မြို့နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် နှမ်းဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း နှမ်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)



## ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း(ဆောင်း)သီးနှံစိုက်ပျိုးခြင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ဧက ၂၄၈၀ ၊ မြစ်သားမြို့နယ်၌ ဧက ၁၂၉၀ စုစုပေါင်း စိုက်ဧက ၃၇၇၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ဆောင်းပဲတီစိမ်းသီးနှံများကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့် ဧပြီလများတွင် ထွက်ပေါ်ကြောင်း၊ ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၁-၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံ စိုက်ခင်းများမှာ အသီးအပွင့်များ ဝေဝေဆာဆာ ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်း စိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

## ကျောက်ဆည်ခရိုင်၌ ပဲယင်းများ စတင်ထွက်ပေါ်ပြီး ဈေးကောင်းရလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စပါး၊ ပဲ၊ ပြောင်း သီးနှံမျိုးစုံအပြင် ပဲယင်းသီးနှံကိုလည်း စိုက်ပျိုးကြပြီး စိုက်ဧက စုစုပေါင်း ၅၁၈ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲယင်းသီးနှံကို အောက်တိုဘာလဆန်းတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလဒုတိယပတ်မှစတင်၍ ထွက်ရှိကြောင်း၊ ပဲယင်းကြီးမျိုးနှင့် ပဲယင်းသေးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် ပဲယင်းတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျပြီး ၂၀-၂၅ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်၊ မြစ်သားမြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကာ သီးနှံပေါ်စအချိန်တွင် ဈေးနှုန်းကောင်းမွန်လျက်ရှိသောကြောင့် ယခင်နှစ်ထက် အကျိုးအမြတ် ပိုမိုရရှိကြောင်း ပဲယင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA(မန္တလေး)

### ၁၇-၂-၂၀၁၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၈၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၃၃၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၅၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၈၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၁၂၅ | ၁၈၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၇၀၀ | ၁၆၂၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၆၀၀၀ | ၅၄၀၀ | ၁၇၂၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၇၀၀ | ၁၆၈၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၅၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၁၇ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၁ တန်နှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၇၅၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မဟာအောင်မြေမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၂၄၅ တန်၊ သစ်မာ ၀ ဒသမ ၆၀၂ တန်၊ အခြားသစ် ၁၆၇ ဒသမ ၀၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၃၆၁၀)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၈၀၃၆၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီးနှင့် Toyota Kluger မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက် တံတားတိုပဲ့ချိပ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃)မိုင် ကားကြီးကွင်း၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၇ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၈၆ တန်၊ သစ်မာ ၂ ဒသမ ၇၁၉ တန်၊ အခြားသစ် ၁ ဒသမ ၅၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၁၉၈၃) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၁၉၈၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၈၁၈၉)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်နှင့် လွိုင်လင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု ပုံကုန်းကျေးရွာအနီး၌ အောင်နိုင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီတွင် ပုံကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ထပ်မံ သိမ်းဆည်းရမိခဲ့၍ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၂၃၆ သိန်း)၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် အောင်လတ်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀) သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ သန်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၃၈ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အောင်နိုင်မိုး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# ဆီဆိုင်မြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဆီဆိုင် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု ဆော့ဆားကျေးရွာရှိ ဘိန်းစိုက်ခင်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ တာဝန်ရှိသူများက သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးရာတွင် ဆီဆိုင်မြို့နယ် ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပါဝင်သော ဘိန်းစိုက်ခင်းဖျက်ဆီးရေးအဖွဲ့က ဆော့ဆားကျေးရွာ၏မြောက်ဘက်ရှိ အမြင့်လေးပေခန့်ရှိသီးပွင့်ဆဲရေသွင်းဘိန်းစိုက်ခင်း ၁၅ ဧကကိုလည်းကောင်း၊ ထီတယမ်းကျေးရွာ၏ အနောက်ဘက်ရှိ အမြင့်လေးပေခန့်ရှိ သီးပွင့်ဆဲရေသွင်းဘိန်းစိုက်ခင်း ၁၁ ဧကကို လည်းကောင်း၊ ထီဗွာကျေးရွာ၏ အရှေ့ဘက်ရှိ အမြင့်လေးပေခန့်ရှိ သီးပွင့်ဆဲရေသွင်း ဘိန်းစိုက်ခင်းလေးဧကကိုလည်းကောင်း သွားရောက်ဖျက်ဆီးခဲ့ကြသည်။

ဆီဆိုင်မြို့နယ်၌ ဘိန်းစိုက်ခင်းများကို ဘိန်းစိုက်ခင်းဖျက်ဆီးရေးအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ သွားရောက်ဖျက်ဆီးလျက်ရှိရာ ဘိန်းစိုက်ခင်းဧက စုစုပေါင်း ဧက ၃၀ ကို ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုရပ်နေ မငြိမ်းလင်းနွယ် (ခ) ဝိုင်းမှ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ မန်ရန်ကျေးရွာနေ မ-----၊ ၁၉/၂၀၂၅ နှစ်အား ဘဝရပ်တည်ရန်ခက်ခဲနေမှုနှင့် ငွေကြေးအခက်အခဲရှိနေမှုအား အခွင့်ကောင်းယူကာ ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်းက (ပ)၂၃၄/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် တရားခံမငြိမ်းလင်းနွယ်(ခ)ဝိုင်း အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စမုံရေထိန်းတမံ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သော စမုံရေထိန်းတမံ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် စမုံရေထိန်းတမံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၇) မိတ္ထီလာမှ ညွှန်ကြားရေးမှူးဦးအောင်မိုးဝင်းက ပင်မရေပိုလွှဲ၊ မြေသားတမံ၊ ရေတံခါးတပ်ရေပိုလွှဲ၊ သဲထုတ်ရေတံခါး၊ လက်ယာ/ဝဲမြောင်းရေတံခါး ပြုပြင်ခြင်းဆောင်ရွက်နေမှုများ၊ ရေပိုလွှဲအသစ်တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့်လမ်းများ ပြုပြင်ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် သွားလမ်းပြုပြင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများ က ဖေဖော်ဝါရီ ၁၅ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းတစ်လျှောက် လမ်းပြုပြင်ဆောင်ရွက်နေမှု၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့်(၄၇/၁)မိုင်နှင့် (၄၇/၃) မိုင်အတွင်း လမ်းတာပေါင် ပျက်စီးနေမှုများအား ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် (B.O.T)မှ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သုံးခွမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်

**သုံးခွ ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အရှေ့တံခွန်တိုင်ကျေးရွာနှင့် ကတုံးပေါ်အလယ်ကျေးရွာတို့၌ လယ်ယာမြေကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အရှေ့တံခွန်တိုင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော အရှည် ၁ မိုင် ၇ ဒသမ ၆ ဖာလုံ ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ခရိုင်ဦးစီးမှူး နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ကတုံးပေါ်အလယ်ကျေးရွာတွင် အရှည် ၁မိုင် ၂ ဒသမ ၃ဖာလုံ၊ အကျယ် ၁၂ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်ဂဝံလမ်းခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# လွိုင်လင်မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

**လွိုင်လင် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးက ဖွင့်လှစ်သည့် မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက သင်တန်းသားများအတွက် တူညီဝတ်စုံများပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး(မွမ်းမံ)သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့ လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**





ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်တပ်ဖွဲ့ဝင်များက ထုံးဘိုကျေးရွာ ကုန်းမြင့်သာဟိုတယ်ရှိ ဝန်ထမ်းများအား ဖေဖော်ဝါရီ ၁၇ ရက်က မီးဘေးကာကွယ်ရေးအသိပညာပေးပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြစဉ်။ မောင်မွေး

# မက်မန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

**မက်မန်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က ငှက်ယောင်းကျေးရွာဘက်စုံသုံးခန်းမတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ငှက်ယောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ကျန်းမာရေး၊ ပညာရေးနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရန် စနစ်တကျအသုံးပြု ဆောင်ရွက်သင့်သည့်အချက်များ စသည့်တို့ကို ကဏ္ဍများအလိုက် ဆွေးနွေးဟောပြောသည်။

ထို့နောက် ငှက်ယောင်းကျေးရွာ နယ်စပ်ဆေးပေးခန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာတိုးသူရအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**





# ကျိုက်ထီးရိုးတောင်ပေါ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး တောင်ပေါ်တွင် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထီးရိုးတောင်ပေါ် ဈေးဆိုင်တန်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျိုက်ထီးရိုးနယ်မြေခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ငြိမ်းနှင့်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ် အသုံးပြုနည်းတို့ကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဈေးသူဈေးသားများနှင့်အတူ သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိုမန်နိုင်ငံ ဆိုဟာမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲ ကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည်ဖြစ်စေ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အိုမန်နိုင်ငံ ဆိုဟာမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိသန္တာအောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် အိုမန်နိုင်ငံရှိ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅ မိနစ်တွင် အိုမန်နိုင်ငံ မတ်စကတ်မြို့မှ မတ်စကတ်-ဘန်ကောက်-ရန်ကုန်လေကြောင်း ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အိုမန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



# ညောင်ရွှေမြို့၌ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၇**

မီးဘေးအန္တရာယ် ကင်းဝေးစေရန်၊ သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန်၊ ကယ်တင်ဆောင်ရွက်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ ညောင်ရွှေမြို့မရဲစခန်းမှူး ဒုရဲမှူးမိုးနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူဟိန်းက ဘာသာရပ်များအကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ **စိုင်းအယ်ဘဲ**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးငွေးမော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ အဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အခြေခံပညာ အထက်တန်းကျောင်း (အောင်ဆန်း)၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**(၁၇-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၉-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# ပဲခူးမြို့ မြို့တွင်းရပ်ကွက်များနှင့်လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ပဲခူးမြစ်တာ(ပန်းလှိုင် - ပုဏ္ဏားစု-မုန်တိုင်)အပိုင်း အဆင့်မြှင့်တင်



**ပဲခူး ဖေဖော်ဝါရီ ၁၇**

၂၀၂၃-၂၀၂၄ခုနှစ်အတွင်း ပဲခူးမြို့၌ စံချိန်တင်ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ပဲခူးမြစ်ရေသည် စိုးရိမ်ရေအမှတ်အထက် လေးပေကျော် တက်ရောက်ခဲ့သဖြင့် ပဲခူးမြို့တွင်း ကာကွယ်ထားသည့် ရေဘေးကာကွယ်ရေးတာ အနံ့အပြားတွင် ရေကျော်စီးဆင်းဖြစ်ပေါ်ကာ High Flood Level(H.F.L)ကို ကာကွယ်နိုင်မှုမရှိတော့သဖြင့် မြို့တွင်းရပ်ကွက်များနှင့် လယ်ယာမြေများ ရေလွှမ်းမိုးမှုဒဏ်ကြီးမားစွာခံခဲ့ရကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများကြီးမားသောရေကြီးမှုဒဏ်ထပ်မံမခံစားရစေရေးအတွက် ဖြစ်ပေါ်ခဲ့သည့်အမြင့်ဆုံးရေမှတ်ကို ကာကွယ်နိုင်ရန် ပဲခူးမြစ်တာမြှင့်ပြုပြင်ခြင်းလုပ်ငန်းကို အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးမြစ်ရေဘေးကာကွယ်ရေးတာများအနေဖြင့် အလျား ၁၀မိုင်ခန့်ရှိပြီး ပဲခူးမြို့စည်ပင်သာယာနယ်နိမိတ်ကို ကာကွယ်သည့်မြို့တွင်းတာများမှာ ဒေသအခေါ် ကျောက်ကြီးစုတာ အလျား ၁ မိုင်၊ ညောင်ဝိုင်းတာ အလျား ပေ ၃၅၀၀၊ ပဲခူးမြစ်တာ(ပန်းလှိုင်-ပုဏ္ဏားစုတာ)အလျား ၁မိုင်၊ ပဲခူးမြစ်တာ(မုန်တိုင်မှတာဝအထိ) အလျား ၇ မိုင် ၄ ဖာလုံတို့ဖြစ်ပြီး ယခုဆောင်ရွက်နေသည့်အပိုင်းမှာ ပဲခူးမြစ်တာ(ပန်းလှိုင်-ပုဏ္ဏားစု-မုန်တိုင်) အလျားပေ ၇၈၀၀ အားHigh Flood Level(H.F.L) ၁၀.၃၀ စင်တီမီတာအထိ မြေဖို့တာမြှင့်ခြင်းနှင့် ၁၆ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဲခူးမြစ်တာ(ပန်းလှိုင်-ပုဏ္ဏားစု-မုန်တိုင်)တာကို ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်တွင် မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး မြေဖို့ကြိတ်ခြင်းကို ပွင့်လင်းရာသီဖြစ်သည့်အောက်တိုဘာလ ဒုတိယပတ်တွင် စတင်ကာ ၂၀၂၅ခုနှစ် ဇန်နဝါရီတွင် ပြီးစီးခဲ့ပြီး ယခုကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ပဲခူးမြစ်တာ(ပန်းလှိုင်- ပုဏ္ဏားစု-မုန်တိုင်)သည် အလျားပေ ၇၈၀၀ ရှိပြီး မြေသားတာပေါင်ထိပ်အမြင့် ၁၀.၃၀ စင်တီမီတာ၊ တာထိပ်မျက်နှာပြင်အကျယ်ပေ ၂၀၊ ကွန်ကရစ်လမ်းအကျယ် ၁၆ ပေ၊ ဒု ၉ လက်မ၊ မြစ်ဘက်ခြမ်း တစ်ပေအမြင့်ရှိသည့် Parapet ကို ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

ပဲခူးမြို့ မြို့တွင်းရပ်ကွက်များနှင့်လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ပဲခူးမြစ်တာ(ပန်းလှိုင် - ပုဏ္ဏားစု-မုန်တိုင်) အပိုင်း ပေ ၇၈၀၀ ကို ၂၀၂၄-၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၄၁၇ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျောက်ကြီးစု-ညောင်ဝိုင်းတာအပိုင်းကို အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## ကလောခရိုင်အတွင်း ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ကလော ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်း ရောက်ရှိနေသောမြို့နယ်များမှ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သော ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ကလောခရိုင်အတွင်းရှိ မြို့နယ်များသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ တပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်တို့က ယာယီနေရပ်စွန့်ခွာနေရသည့် တပ်ရင်းတပ်ဖွဲ့များအား လည်းကောင်း၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များက ကလောခရိုင်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် ကလောခရိုင်အတွင်းသို့ ယာယီနေရပ်စွန့်ခွာသူ အမျိုးသား ၁၀၄၅၃ဦး၊ အမျိုးသမီး ၁၂၅၈၅ဦး စုစုပေါင်း၂၃၀၃၈ ဦးတို့အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ ငွေကျပ် ၄၆၀၇၆၀၀၀၀ တို့ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးပြီး မိခင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းဖွင့်

**ကျိုက်ထို ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးပြီး မိခင်ပြုစုစောင့်ရှောက်ခြင်း သင်တန်းဆိုင်ရာ(မြို့နယ်)အဆင့်သင်တန်းကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်မောင်အိုးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ယင်းနောက်ကျန်းမာရေးဝန်ထမ်းများအား ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့်မွေးပြီး မိခင်စောင့်ရှောက်ခြင်းဆိုင်ရာ စာမေးပွဲကိုဖြေဆိုစေခဲ့ပြီး သင်တန်းတွင် သင်ကြားရမည့်ဘာသာရပ် ခုနစ်မျိုးကို ကျန်းမာရေးမှူးအဆင့်(၁)ဦးထွန်းညီညီက ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၄၀ တက်ရောက်ပြီး လေးရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



## ခရမ်းမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**ခရမ်း ဖေဖော်ဝါရီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းသည် ဖေဖော်ဝါရီ၁၇ ရက်က ခရမ်းမြို့နယ်အတွင်းရှိကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ခရမ်း-တီတွတ်ဆက်သွယ်ရေး ကျောက်ချောခင်းခြင်း၊ ခရမ်း-ရေကျော် လမ်းမကြီးမှ ရေကျော်ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးမြတ်မွန်၊ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးဝင်းနှင့်အဖွဲ့၊ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အိအိထွေး၊ တင်ဒါအောင်မြင်သည့် ဇော်ကေရာဇ်ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ **ခရမ်း(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**တာချီလိတ် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်က ခရိုင်/မြို့နယ် စုပေါင်းရုံး၌ ကျင်းပသည်။**(ဝဲပုံ)**



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များသို့ ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာပြည်သူ ၂၀၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၄၀ ကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူ တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တာချီလိတ်မြို့နယ်သို့ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၆၇ ဦးအား တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာမျိုးကလည်းကောင်း၊ မိုင်းဖြတ်မြို့နယ်သို့ ရောက်ရှိနေသည့် ယာယီနေရပ် စွန့်ခွာပြည်သူ ၃၃ ဦးအား မိုင်းဖြတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမျိုးက လည်းကောင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လာလီဂါပွဲစဉ် (၂၄) တွင် ဘက်တစ်က နှစ်ယောက်လျော့ ဆိုစီဒက်ကို ဂိုးပြတ်အနိုင်ယူ

စပိန်လာလီဂါပွဲစဉ် (၂၄) မှ ဘက်တစ်နှင့် ဆိုစီဒက်အသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဘက်တစ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဆိုစီဒက်အသင်းသည် ဘက်တစ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများအောက် ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့သည်။

ဘက်တစ်အသင်းသည် ပွဲကစားချိန် ၃၃ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ကွင်းလယ်တိုက်စစ်ကစားသမား လိုဆယ်ဆို အဆုံးသတ်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပွဲကစားချိန် မိနစ် ၂၀ နှင့် ၇၅ မိနစ်တွင် ဆိုစီဒက်အသင်းမှ ဇီဘီဒီယာနှင့် ဘက္ကာတို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ဘက်တစ်အသင်းအတွက် သွင်းဂိုးများကို အန်တိုနီနှင့် ရိုကာတို့က သွင်းယူပေးခဲ့သည်။ အန်တိုနီသည် အသင်းအတွက် တစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ဘက်တစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါတွင် နိုင်ပွဲ ရှစ်ပွဲရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် ဆိုစီဒက်က ယခုပွဲရှုံးနိမ့်မှုကြောင့် လာလီဂါရှုံးပွဲ ၁၁ ပွဲရှိလာပြီ ဖြစ်သသည်။

ဖေဖော်ဝါရီ ၁၇ ရက် နံနက်အစောပိုင်းတွင် မာယော့ကာနှင့် လပ်စ်ပဲမတ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မာယော့ကာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

## ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

၁၉-၂-၂၀၂၅ ဗုဒ္ဓဟူးနေ့

**အေစီမီလန် Vs ဖီယင်နို** နံနက် ၁း၁၅

ပထမအကျော့မှာ ဖီယင်နုက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားတာကြောင့် အေစီမီလန်အနေနဲ့ ဒီပွဲမှာ မဖြစ်မနေပြတ်သားတဲ့ ရလဒ်နဲ့နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဖီယင်နုအသင်းရဲ့ ရှန်းအားကြောင့် အေစီမီလန်အသင်း အခက်တွေ့နိုင်ပေမယ့် နိုင်ပွဲရဖွယ်ရှိတယ်။

**အတ္တလန္တာ Vs ကလပ်ဘရုဂ်** နံနက် ၂း၃၀

ပထမအကျော့မှာ အကြိတ်အနယ်ကစားပြီး ကလပ်ဘရုဂ်က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ အတ္တလန္တာက ရလဒ်ဆိုးရွားမှုကြုံတွေ့နေပြီး ကလပ်ဘရုဂ်က ရလဒ်ကောင်းရရှိနေတယ်။ ဒီပွဲစဉ်မှာ ကလပ်ဘရုဂ်ထက် အတ္တလန္တာ နိုင်ပွဲရမယ်။

**ဘိုင်ယန်မြူးနစ် Vs ဆဲလ်တစ်** နံနက် ၂း၃၀

ဆဲလ်တစ်က မာကျောပြီး တည်ငြိမ်တဲ့ကစားဟန်ရှိတယ်။ ဘိုင်ယန်မြူးနစ်က တိုက်စစ်ထက်မြက်ပြီး ခံစစ်ပိုင်းကျစ်လျစ်မှုရှိတယ်။ ဆဲလ်တစ်ရဲ့ခြေစွမ်းအကောင်းဆုံးပုံစံမှာ ရှိနေပေမယ့် ဘိုင်ယန်မြူးနစ်တိုက်စစ်ကို ပွဲချိန်တစ်လျှောက် ထိန်းချုပ်ဖို့ခက်မယ်။

**ဘင်ဖီကာ Vs မိုနာကို** နံနက် ၂း၃၀

မိုနာကိုက ပုံမှန်ခြေစွမ်းမရှိဘူး။ ဘင်ဖီကာမှာ ပါလီဒစ်၊ ဒီမာရီယာတို့လို ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ထိပ်တန်းကစားတွေရှိတယ်။ မိုနာကိုထက် ပထမအကျော့မှာ နိုင်ပွဲရထားတဲ့ ဘင်ဖီကာပဲ နိုင်ပွဲဆက်လက်ရဖွယ်ရှိတယ်။

■ မိုးဇက် - စုစည်းသည်

## ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ဘက်ကိုအနိုင်ယူပြီး ရှုံးပွဲဆက်မှု ရာဒူကာနူ အဆုံးသတ်

ဗြိတိန်နာမည်ကျော် တင်းနစ်မယ် အမ်မာရာဒူကာနူသည် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့်တွင် ပြိုင်ဘက်ဂရိနိုင်ငံသူ မာရီယာ ဆက္ကာရီကို အနိုင်ယူကာ ရှုံးပွဲဆက်မှုကို အဆုံးသတ်နိုင်ခဲ့သည်။



၎င်းသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၄၊ ၆-၂ ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အသက် ၂၂ နှစ်အရွယ် ရာဒူကာနူသည် တင်းနစ်ကစားသမားဘဝ အဆိုးရွားဆုံး ရှုံးပွဲဆက်ရှည်ကြာမှုကို အဆုံးသတ်ရန် တစ်နာရီနှင့် မိနစ် ၂၀ ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။

၂၀၂၁ ယူအက်စ်အိုးပင်းချန်ပီယံ ရာဒူကာနူသည် ဇန်နဝါရီ ၁၆ ရက်က ဩစတြေးလျအိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် အမန်ဒါ အနီဆီမိုဗာကို အနိုင်ရရှိပြီးနောက် နိုင်ပွဲပျောက်ဆုံးနေသူဖြစ်သည်။

၎င်းသည် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ကာရိုလီနာ မူချိုဗာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ မူချိုဗာသည် အဆိုပါပြိုင်ပွဲ ပထမအဆင့်တွင် နယ်သာလန်တင်းနစ်မယ် ဆူဇန်လာမင်းစ်ကို ၆-၂၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဒုတိယအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

❖ *ကျောဖုံးမှ*

အင်တာမီလန်အသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး သုံးကြိမ်ရရှိခဲ့သော်လည်း သုံးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိပေ။ အိမ်ရှင်ဂျူဗင်တပ်စ်အသင်းက အင်တာမီလန်အသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု နည်းပါးခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် အင်တာမီလန်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် သုံးပွဲတွင် ရှုံးပွဲနှစ်ပွဲရှိလာပြီ ဖြစ်သည်။

စီးရီးအေပွဲစဉ် (၂၅) ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားကို နာပိုလီအသင်းက ရမှတ် ၅၆ မှတ်ဖြင့် ဦးဆောင်ထားပြီး အင်တာမီလန် အသင်းက ရမှတ် ၅၄ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**



အင်တာမီလန်ကစားသမား ဒမ်ဖရိုင်းစ်၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဂျူဗင်တပ်စ်ကစားသမား ဆိုဗိုနာ ဖြတ်ထုတ်ဟန့်တားစဉ်။

❑ *ကျောဖုံးမှ*

မြန်မာအသင်းနည်းပြချုပ် ယုကီတက်ဆုရိုသည် ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းအပါအဝင် အမာခံကစားသမားအချို့ကို အနားပေးထားပြီး ဝင်းသိင်္ဂီထွန်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးကာ မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မိုမိုထွန်း၊ ရှုပါခိုင်၊ စန္ဒလင်း၊ လင်းမြင့်မိုရ်တို့ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် မြန်မာအသင်းက ခြေပိုသာသော်လည်း နှစ်သင်းစလုံး အခွင့်အရေးကိုယ်စီရခဲ့ပြီး အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေကျနေခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း သုံးမိနစ်အကြာမှာပင် အစ္စကန်ဒါက လက်ဘနွန်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် အားထည့်လာပြီး ၇၂ မိနစ်တွင် ရွှေရည်ထွန်း၊ ၇၅ မိနစ်တွင် စန်းသော်သော်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြန်မာအသင်းမှ ဖြူဖြူဝင်းက ရရှိသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်နီပေါအသင်းအပါအဝင် မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန် လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်နေပြီး မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ANFA**

## MNL ပြိုင်ပွဲတွင် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိစံချိန်ဆက်ထိန်းပြီး ရန်ကုန်ယူနိုက်တက် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

တောင်ကြီးကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ တန်းဆင်းဇုန်မှလွတ်ရန် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမားအဖြစ် မတ်ခ်ဆာကီ တစ်ဦးတည်းသာ ပါဝင်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားကစားသမား လေးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့ပြီး နောက်ခံလူ သက်ဟိန်းစိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက နိုင်ငံခြားသားကစားသမားများ ထည့်သွင်းအသုံးပြုလာပြီး ၇၄ မိနစ်တွင် ဘာကာယိုကို၊ ၈၅ မိနစ်တွင် ဟီရိုတာတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယနေရာအတွက် ဂိုးပြတ်နိုင်ပွဲရယူခဲ့ပြီး ရောဝတီအသင်းမှာမူ ဂိုးပြတ်အရေးနိမ့်သော်လည်း ရခိုင်ယူနိုက်တက်အသင်း ရှုံးပွဲကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ငါးမိနစ်တွင် ဥက္ကာနိုင်၊ ၄၈ မိနစ်တွင် ဇော်ဝင်းသိန်း၊ မိနစ် ၆၀ တွင် ရန်ကျော်ထွေးနှင့် မိနစ် ၇၀ တွင် အီစိုးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**




ရှမ်းယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၉၅၆)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဒေါ်နှင်းဝတ်ရည် (၁၄/ကကန (နိုင်) ၁၁၄၉၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နှင်းဝတ်ရည် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တိုက်အမှတ် (၁၃၃/၁၃၅)၊ အခန်းအမှတ် (၇) တတိယထပ် (၄)လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၆ပေ × ၅၀ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အုန်းကြည် (၁၂/လမန (နိုင်) ၀၁၀၄၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၇

# လယ်ဝေးမြို့နယ် ကြံစိုက်တောင်သူများ တွက်ခြေကိုက်၍ အဆင်ပြေ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် လယ်ဝေးမြို့နယ်၌ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက စိုက်ပျိုးခဲ့ကြသော သကြားထွက်ပစ္စည်း ကြံသီးနှံပင်များသည် ယခုအခါ ခုတ်သိမ်းရောင်းချချိန်ရောက်ပြီဖြစ်၍ သကြားစက်များသို့ ကားများဖြင့်ပို့ဆောင်ရောင်းချရာ အရည်အသွေးနှင့် အထွက်နှုန်းများကောင်းပြီး ဈေးကောင်းလည်းရရှိကြသဖြင့် စိုက်ပျိုးတောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်၍ ယမန်နှစ်ကထက် ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျွန်တော်တို့ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ကြံသီးနှံစံပြစိုက်ကွင်းတွေ ထူထောင်ပြီး နည်းပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့တဲ့အပြင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလည်းကောင်းတဲ့မျိုးတွေကို ရောင်းချပေးခဲ့တာကြောင့် အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်း ရရှိကြတာဖြစ်ပါတယ်။ တစ်ဧကကို ပျမ်းမျှ တန် ၄၀ ခန့် ထွက်ရှိခဲ့ပါတယ်ဟု လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာမှ ကြံသီးနှံစိုက်တောင်သူ ဦးမောင်အေးက ပြောသည်။

လယ်ဝေးမြို့နယ်တွင် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်သည့် ဧကပမာဏမှာ ဧက ၅၀၀၀ ကျော်ခန့်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ကိုပေါက် (ဥတ္တရမြေ)

# ဘုတ်ပြင်းမြို့နယ်၌ လိပ်ဥချောင်း-ထောင်ဖီး-ဘလက်တော ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း



ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စုရှိ လိပ်ဥချောင်း-ထောင်ဖီး-ဘလက်တောလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ကော့သောင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရိန်ထွန်း၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လိပ်ဥချောင်း-ထောင်ဖီး - ဘလက်တောလမ်း (၅/၀)မိုင်ရှိသည့်အနက်မှ (၁/၀-၁/၅)ကြား ကျောက်ချောလမ်းခင်းခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၁၃ ဒသမ ၉၂၅ သန်းဖြင့် အရှည် (၀/၅) မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ ကျောက်ချောလမ်းခင်းခြင်း၊ ဒု သုံးလက်မ အပွန်းခံလွှာခင်းခြင်း၊ အမာခံလမ်းပခုံး ခင်းခြင်းလုပ်ငန်းကို လုပ်ငန်းတင်ဒါစနစ်ဖြင့် တင်ဒါ အောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅

ဒေါ်ဆွေဆွေမော် (တရားလို) နှင့် ဒေါ်မေသက်မွန် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ အေးရိပ်သာယာလမ်း၊ အမှတ်(၅၈၆)နေ ဒေါ်မေသက်မွန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်ရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
ညောင်လေးပင်မြို့နယ်တရားရုံး
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

ဒေါ်အိသိမ့်သိမ့်စိုး (တရားလို) နှင့် ဦးသံဒိုင်(ခ) ဖိုးသား (တရားပြိုင်)

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၄၈၃)နေ ဦးသံဒိုင်(ခ) ဖိုးသား (ဘ) ဦးသိန်းဇော် ( ယခုနေရပ်လိပ်စာမသိသူ )သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၃)ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုနိုဝင်းကို)
တွဲဖက်မြို့နယ်တရားသူကြီး
ညောင်လေးပင်မြို့နယ်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/2555၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်၊ အထက(သက္ကလ) ကျောင်း Grade-6 မှ မောင်နေဆန်း ၏မိဘအမည်မှန်မှာ ဦးရာဂျား ၇/ကဝန(ပြု) ၀၀၂၄၀၃ နှင့် ဒေါ်ကရုပါရီ ၇/ကဝန(စ)၀၀၀၂၅၈ ဖြစ်ပါကြောင်း။

ဦးရာဂျား-ဒေါ်ကရုပါရီ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၆၆၉၀၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ အမှတ်(၆)ရပ်ကွက်နေ (ဘ) ဦးမြင့်မောင်၏သား မောင်ဇော်ဝဏ္ဏထွန်း ၁၄/လပတ(နိုင်)၂၃၂၁၃၈၏ နိုင်ငံကူးလက်မှတ်အမှတ် MG-659819 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၇၁၄၆၅၁၆၇

## အမည်ပြောင်း

ဦးအားခက်၏သမီး ကျိုင်းတုံမြို့၊ KTLC ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-4 မှ မစန္ဒီသွန်းဆင့်အား မမီဂါဟု ပြောင်းလဲခေါ်ပါရန်။

မမီဂါ

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအုန်းရွှေ၏သား၊ ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ထူးအုပ်စု၊ တောင်ကျာသေရွာ၊ မြန်အောင်မြို့နေ ကိုမျိုးမင်းနိုင် ၁၄/မအန(နိုင်)၂၀၃၂၃၈၏ Passport (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၆၆၇၉၇၄၂၆၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/25829,Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ရှာလ ၁၃/ကတန(နိုင်)၁၂၆၅၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပဲခူး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5188၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးမြို့၊ ဆေးတက္ကသိုလ်-မန္တလေးတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်သန်းသန်းကြည် ၉/မရမ(နိုင်)၀၀၁၉၀၆၏ ဖခင် ဦးအုန်းရွှေ(ခ)LI CHUNG WEN သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ မြို့မ-အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဦးခင်မောင်အုန်း(အထပြ)၏ ဖခင် ဦးအုံးဖေ(ခ)ဦးအုန်းဖေ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုံးဖေ(ခ)ဦးအုန်းဖေ
၉/ မခန(နိုင်) ၁၃၅၅၅၁

နှစ် ၂၀ တစ်ဝိုက်
အချိန်ကိုက်
တို့စိုက်ခဲ့လျှင်
အကောင်းဆုံးပင်
အခုချိန်စိုက်
နောက်မကျ
ဒုတိယအကြိမ်
အကောင်းဆုံးပါ။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ ရွာမရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၄၆၉၂) ကို အမည်ပေါက် ဒေါ်မျိုးသဉ္ဇာ(ဘ)ဦးမျိုးညွန့်ဦး ၁၄/ဖပန(နိုင်) ၁၆၄၀၉၇မှ ဦးစစ်နိုင်ကို (ဘ)ဦးမြင့်ကို ၁၂/မရက(နိုင်) ၁၀၈၃၆၄ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်နေ ဦးလှမိုးအောင် ၉/မနမ(နိုင်) ၀၄၆၇၁၅နှင့် ဒေါ်ယဉ်မျိုးထိုက်(ခ) ထိုက်ထိုက် ၉/မကန(နိုင်) ၀၀၀၉၃၇တို့၏သမီး မဆုစန္ဒီအောင်(ခ) မမြတ်ဆုဝင်း ၉/အမဇ(နိုင်)၀၄၂၉၉၇သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ် ဆောင်ရွက်ပြီး မိမိဆန္ဒသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့အချိန်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မဆုစန္ဒီအောင်(ခ) မမြတ်ဆုဝင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စရပ်မှန်သမျှကို ကျွန်ုပ်တို့ အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးလှမိုးအောင် ၉/မနမ(နိုင်) ၀၄၆၇၁၅
ဒေါ်ယဉ်မျိုးထိုက်(ခ)ထိုက်ထိုက် ၉/မကန(နိုင်) ၀၀၀၉၃၇

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မေပန်းချီစိုးနောင် ၁၀/သဖရ(နိုင်)၁၄၇၀၃၅ ၏ ဝယ်ယူခွင့်ပါမစ် အမှတ် SCP1 16-17 4040 (12-12-2016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၀၇၅၄

## ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ အထက နတ်တလင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-11မှ မသွယ်သွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကြီး ၇/နတလ(နိုင်)၀၉၈၁၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ အထက နတ်တလင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-10မှ မအိရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၇/နတလ(နိုင်)၀၉၀၈၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ အထက နတ်တလင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-10မှ မဖြူဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့်ဌေး ၇/နတလ(နိုင်)၀၈၃၉၂၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 11W/31721, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးရွှင်ပြုံး ၈/မသန(နိုင်)၀၆၅၀၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၉၇၉, BASHAN 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးစိုးမိုး ၉/မနတ(နိုင်)၀၅၄၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4283, Toyota Hilux Vigo (4x2), P/U(418)R (Extra Cab) ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ထွန်း ၉/အမရ(နိုင်)၀၉၉၀၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သမဝါယမအသင်းစုမှ လေလံလျှော်ကလွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် သမဝါယမအသင်းစုပိုင် ရွာမရပ်ကွက်၊ ရန်ကုန် - ပြည်လမ်းဘေးရှိ မြေဧရိယာ(၀.၂၁၇)ကေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည် ။

| | |
|---|---|
| လေလံလျှော်ကလွှာရောင်းချမည့်ရက် | - ၁၇ - ၂ - ၂၀၂၅ရက် |
| လေလံလျှော်ကလွှာပိတ်သိမ်းမည့်ရက် | - ၂၄ - ၂ - ၂၀၂၅ရက် |
| လေလံလျှော်ကလွှာများရောင်းချမည့်နေရာ | - နတ်တလင်းမြို့နယ်သမဝါယမ အသင်းစုလီမိတက် ရန်ကုန် - ပြည်လမ်း၊ နတ်တလင်းမြို့ |
| လေလံတင်ရောင်းချမည့်ရက် | - ၂၅ - ၂ - ၂၀၂၅ရက် |
| လေလံတင်ရောင်းချမည့်အချိန် | - (၁၀:၀၀)နာရီ |
| လေလံလျှော်ကလွှာများဖွင့်ဖောက်မည့်နေရာ | - နတ်တလင်းမြို့နယ်သမဝါယမ အသင်းစုလီမိတက် ရန်ကုန်-ပြည်လမ်း၊ နတ်တလင်းမြို့ ၊ |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးတင်အောင် ဖုန်း:09 -408909859
ဦးဇော်ဝင်း ဖုန်း-09 452335887

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့ နတ်တလင်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှု အမှတ် - ၃၆

ဒေါ်စန်းမြအေး နှင့် ဦးမြင့်ဆွေ
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅X၅၆လမ်းကြား၊ ၁၁၂X၁၁၃လမ်းကြား၊ အကွက်အမှတ်(ဗ/၁၅)၊ မြရည်နန္ဒာ ရပ်ကွက်နေ ဦးမြင့်ဆွေ (ဘ)ဦးဘိုးလွင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းမြအေးက မန္တလေးမြို့ ၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ဦးပိုင်အမှတ် (၈၁)၊ဧရိယာ(၀.၀၅၅၁)ကေအကျယ်ဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား "မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေယံမိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၄၀၈၄)၊ ဧရိယာ(၀.၀၅၅)ကေကို အမည်ပေါက် ဦးနိုင်ဇော်အောင် (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံးဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဒေါ်မေသန္တာမြင့် (ဘ)ဦးသန်းမြင့် ၁၂/ပဇတ(နိုင်)၀၀၄၃၃၆မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၆၈/၂၀၂၄ တရားမဒေါ်ရီမှုအမှတ် ၃၂/၂၀၂၄ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/3345 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မိတ္ထီလာ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၁၊ ဦးပိုင်အမှတ် ၃၇/၆၁X၆၂ကြား၊ ၁၂၉X၁၃၀လမ်းကြားရှိ ဒေါ်လှစိန် အမည်ပေါက် တောဂရန် မြေကွက်အား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၂၂၄၄/၂၀၀၁)ဖြင့် ဦးစိုင်းနော်ခမ်းမှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းမှမှတ်ပုံတင်အပေးစာချုပ်အမှတ် (၃၈၉၉/၂၀၁၉)ဖြင့်ပိုင်ဆိုင်ခဲ့သည့် သားသမီးများဖြစ်သော ဒေါ်နန်းဝိုဟွမ်ငင်း ၁၂/ရကန(နိုင်) ၀၇၉၀၂၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၈/၂၀၁၈)ဖြင့် ၎င်းဒေါ်နန်းဝိုဟွမ်ခမ်း ၁၂/ရကန(နိုင်) ၀၇၆၉၀၂၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၆/၂၀၁၈)ဖြင့် ၎င်းဒေါ်နန်းဆိုင်အောင် ၁၃/တကန(နိုင်)၁၅၄၆၇၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၇/၂၀၁၈)ဖြင့် ၎င်းလွှဲအပ်ခြင်းခံရသူ ဦးစိုင်းဆိုင်ဝမ်း ၁၃/တကန(နိုင်) ၁၅၄၆၇၇က ၎င်းကိုယ်တိုင်နှင့် အတူတောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုင်းစွမ်ဖ ၁၃/သနန (နိုင်) ၀၅၄၇၄၇၏ မိခင် ဒေါ်နန်းခမ်းအုံနှင့် ဒေါ်နန်းအုန်းသည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

မော်ဘီမြို့၊ အမှတ်(၅)၊လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ် မြင့်ခိုင် ၁၂/ခရန(နိုင်)၁၃၂၆၄၇၊ ဒေါ်ခင်နှင်းသက် ၁၄/ဟသတ(နိုင်) ၃၈၀၄၂၀တို့၏သား မောင်ကောင်းခန့်ကို၏ အမည်မှန်မှာ မောင်ခန့်မင်းထက် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ တိုက်(၆)၊ အခန်း(၆)နေ ဒေါ်ထွန်းမေ၏ လွှဲအပ်ချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၄၈)၊ ပေ(၄၀X၆၀)သည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိုးတင့်(AH-၁၆၅၉၃၇)ပါမစ်အမည်ပေါက်၍ လက်ဝယ်ပိုင်ဆိုင်ပါသည်။ သို့သော် ထိုပါမစ်မူရင်း စာရွက်စာတမ်းများသည် ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာဌာနတွင် အသစ်ပြန်လည်လျှောက်ထားလိုပါသည်။ ထိုလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်းမူရင်းများယူဆောင်၍ သက်ဆိုင်ရာဌာန၌ဖြစ်စေ၊ ကျွန်ုပ်တို့ထံ၌ဖြစ်စေ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွန်းမေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိမိုးသူ ( LLB, DBL, WIPO)** | **ဒေါ်စိုးစိုးလတ် ( LLB. WIPO)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၉၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၅၄)** |
| **အမှတ်(၇၄၈)၊နှင်းဆီ(၂)လမ်း၊** | **အမှတ်(၅၀၅)၊ စပါယ်(၁)လမ်း၊** |
| **(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** | **(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး၊** | **ရန်ကုန်တိုင်းဒေသကြီး၊** |
| **ဖုန်း- ၀၉၇၉၅၄၀၇၈၆** | **ဖုန်း-၀၉-၄၅၅၄၀၅၄၀၄၊ ၀၉-၇၆၄၄၁၀၈၁၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်(၈)လမ်း၊ အိမ်အမှတ်(၁၅)ဟု ခေါ်တွင်သော အကျယ်အဝန်း (၇၀X ၂၀/၂၅ )ပေရှိ မြေ ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူများဖြစ်သော ဦးအောင်နိုင်၊ နော်ကနဲဆဲတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းချို ၇/ဒဥန(နိုင်)၀၁၉၉၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နော်ခက်ခက်ခိုင် (LL.B)** | **ဒေါ်ရီလေးမော်(LL.B)** |
| **(စဉ် - ၂၈၆၇၄)** | **(စဉ် - ၁၄၇၀၇)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၈၉၃၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံ(၂၇)လမ်း၊ အမှတ်(၆၈၇)နေ ဦးရဲသူ-ဒေါ်စန်းစန်းညွန့် တို့၏သား မောင်အောင်မျိုးသူ (၁၂/ဥကတ(နိုင်)၂၀၃၉၂၅)သည် မိခင်ဆိုးမမှုအား နာခံခြင်းမရှိ နေအိမ်မှ ထွက်သွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်စန်းစန်းညွန့်**
**၁၂/ဥကတ(နိုင်)၁၅၂၈၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/89384 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးသန္တာကျော် ၇/ဒဥန(နိုင်) ၁၉၁၇၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈
## ကွယ်လွန်သူ ဦးမျိုးဇင်နှင့် ဒေါ်ခင်မူတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်နွဲ့နွဲ့ဟန်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၈၅)တွင် နေထိုင်ခဲ့သောကွယ်လွန်သူ ဦးမျိုးဇင်နှင့် ဒေါ်ခင်မူတို့၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဦးမျိုးဇင်နှင့် ဒေါ်ခင်မူ တို့၏ တူမတစ်ဝမ်းကွဲတော်စပ်သူ ဖြစ်သော ဒေါ်နွဲ့နွဲ့ဟန်က အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၉ အရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ မတ်လ ၃ရက်(၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမျိုးဇင်နှင့် ဒေါ်ခင်မူတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူအား အဆိုပါအမှုတွင် ၎င်းတို့( လာရောက်ဆိုင်ဆို ရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ မတ်လ ၃ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်နွဲ့နွဲ့ဟန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ကြော်ငြာစာ
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်(၈)

နေထိပ်ထားကုမ္ပဏီလီမိတက်
၎င်းကုမ္ပဏီ၏ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ **လျှောက်ထားသူ**
ဒါရိုက်တာ ဦးလင်းထက်ကျော်
ရွှေဘုန်းပွင့်ဘုရားလမ်း
ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့

**[အမှုအမည်]**

**"မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကုမ္ပဏီ၏အမည်အား မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးပါရန် လျှောက်ထားခြင်း"**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၇၁၈)ရှိ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်သည့် နေထိပ်ထားကုမ္ပဏီလီ မိတက်(၎င်းကုမ္ပဏီ၏ ကိုယ်စားပြု တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးလင်းထက်ကျော်)သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးညွှန်ကြားထားသော ကုမ္ပဏီများနှစ်စဉ်အစီရင်ခံစာ တင်ပြခြင်းကို သတ်မှတ်ရက်အတွင်း မှတ်ပုံတင်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကုမ္ပဏီ၏ အမည်အား မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးပါရန် လျှောက်ထားချက်ရှိသောကြောင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည့် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့( လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်သည်ဟု အဆိုရှိလျှင်) ဆိုခဲ့သော လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသော ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆင့်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော နေထိပ်ထားကုမ္ပဏီလီမိတက်(၎င်းကုမ္ပဏီ၏ ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးလင်းထက်ကျော်)၏ လျှောက်လွှာအပေါ်စိစစ်ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောပီလီ)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၃/ကကရ(နိုင်)၀၇၇၂၉၄ ကိုင်ဆောင်သူ ဦးမျိုးမင်းသိန်း၊ ဦးမင်းမျိုးမင်းသိန်းနှင့် ဦးမင်းမျိုးမင်းသိန်း(ခ) ဦးမျိုးမင်းသိန်းတို့သည် အမည်များ ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်မိသင်းစံပယ်ခိုင် ၁၀/ခဆန(နိုင်)၁၂၇၀၂၅နှင့် ဒေါ်မိသင်းစပယ်ခိုင် ၎င်း၏မိခင် ဒေါ်အုံးခိုင်နှင့် ဒေါ်အုန်းခိုင် တို့သည် အမည်များ ကွဲလွဲနေကြ သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

၃/မတဝ(နိုင်)၀၄၃၇၈၆ ကိုင်ဆောင်သူ ဒေါ်နန်းချစ်စုပိုအောင်၏ မိခင် ဒေါ်ခင်စန်းချိုနှင့် ဒေါ်နန်းခင်စန်းချိုသည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) ကြော်ငြာစာ ကြော်ငြာတွင် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၆၃၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သမီးများဖြစ်ကြသည့် ဦးဝင်းဝင်းလှိုင် အစား ဒေါ်ဝင်းဝင်းလှိုင် ၉/မနမ(နိုင်)၁၂၀၆၄၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(CC/ မြနန္ဒာ)၊ ဦးပိုင်အမှတ်(၈၉)၊ မြေဧရိယာ(၀ .၀၈၃ ) ကေရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးဇေယျာအောင်ကျော် ၁/မကန(နိုင်)၁၃၆၃၂၅မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ရပ်၊ ကွင်းအမှတ် ၄၁၅ဃ၊ ကွင်းအမည် ရွာဝိုင်းကြီးကွင်း၊ ဦးပိုင်အမှတ် ၂/၄၆၈ ၊ ဧရိယာ(၀ဒသမ၀၄)ကေအား ဒေါ်နွယ်နွယ်ခိုင် အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေအလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ဦးခင်မောင်ဦး |
| အနောက်လားသော် | - | ဦးအောင်မျိုးသက် |
| တောင်လားသော် | - | လမ်းကြား |
| မြောက်လားသော် | - | ဦးဆိုးပေ |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ပဲခူးခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉**

ဦးစိုးအောင် နှင့် ၁။ ဗိုလ်မှူးစံထွန်းဦး(ငြိမ်း)
၂။ ဒေါ်နန်းနွဲ့

**တရားလို** **တရားပြိုင်များ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ဓမ္မစေတီလမ်းသွယ်၊ အမှတ်(၁၃၂) နေ ၁။ ဗိုလ်မှူး စံထွန်းဦး(ငြိမ်း)နှင့် ၂။ ဒေါ်နန်းနွဲ့(ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးစိုးအောင် က "မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၄ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၁၆)ဟု ခေါ်တွင်သောမြေ အကျယ်(၂၅)ပေ x (၃၈)ပေရှိ မြေကွက်ကို မြေပိုင်ရှင် ဒေါ်သန်း ၁၂//သဃက(နိုင်)၁၂၂၃၂၂နှင့် ကန်ထရိုက်တာ ဒေါ်တင်သန်း AKB-၁၉၅၃၃၀တို့ အကျိုးတူအခန်းပေးအခန်းယူ ဆောက်လုပ်ခဲ့ရာ မြေရှင် ဒေါ်သန်းသည် တိုက်၏(၃)လွှာနှင့်(၄)လွှာကိုခံစားရရှိခဲ့ကြောင်း၊ ဒေါ်သန်းသည် ယခုကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏သားသမီး (၇)ဦးတို့က ၎င်းတိုက်ခန်း (၂)ခန်းကို အမွေဆက်ခံပိုင်ဆိုင်ကြကြောင်း ဖော်ပြပါတိုက်ခန်း(၂)ခန်းနှင့်၎င်းတိုက်ခန်း တည်ရှိရာ မြေကွက်တို့ကို ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စရန်ငွေများ လက်ခံရယူထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကို အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မှတ်ပုံတင်အမှတ် ၁၂/မဂဒ(နိုင်)၀၉၀၇၆၄ ကိုင်ဆောင်သူ ဦးမောင်သိန်း ၏**
**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးအောင်ကျော်ဦး(LL.B) DL-101(WIPO)Switzerland**
**အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၀)(၂၀-၁၁-၂၀၂၀)**
**အမှတ်(၇၉)၊ နတ်စင်လမ်း၊(က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၃၂၀၄၄၄၂၊ ၀၉-၇၇၀၀၀၉၃၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၃၁၀၄ Honda Wave-NF -125C , M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲလွင်ဦး ၆/သရခ(နိုင်)၁၀၁၇၃၁ က(ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။ **ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/29994, Yunde 110 M/Cယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

## (၁၄-၁-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ (စာ-၂၃)၌ ဦးထွန်းတောက်ကျော်နှင့် ဒေါ်နှင်းဆက်ဆက်ကျော်တို့၏ တရားလွှတ်တော်ရှေ့နေ ဦးအောင်မျိုးသူမှတစ်ဆင့် အများသိစေရန်အသိပေး ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စန်းစန်းနွယ် (၁၂/ဥကတ (နိုင်) ၀၀၆၅၀၄)၊ ဒေါ်ခင်စီမြင့် (၁၂/ဗဟန (နိုင်) ၀၀၈၁၁၉)၊ ဒေါ်စန္ဒာအေး (၁၂/ဥကတ (နိုင်) ၀၁၅၀၈၄)၊ ဦးသာလှ (၁၂/ဥကတ (နိုင်) ၀၃၁၇၈၆)၊ ဦးမြတ်သိန်းထိုက် (၁၂/ဥကတ (နိုင်) ၁၂၉၅၀၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများ၏ဖခင် ဦးလှရီနှင့် မိခင် ဒေါ်ဝင်းကြည်တို့ ကွယ်လွန်ပြီးနောက် မရွှေ့မပြောင်းနိုင်သော အမွေပုံပစ္စည်းကျန်ခဲ့သည်ကို ငြင်းဆိုရန်မရှိသော်လည်း ၎င်းတို့ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (၃)ရပ်ကို အမွေပုံပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ကြောင်းနှင့် လက်ရှိထား စီမံခန့်ခွဲနေကြောင်း ကြေညာချက်မှာ မှန်ကန်မှုမရှိသည့်အတွက် ဦးလေး၊ အဒေါ်များ၏ဂုဏ်သိက္ခာကျဆင်းရပါကြောင်းနှင့် ဦးထွန်းတောက်ကျော်နှင့် ဒေါ်နှင်းဆက်ဆက်ကျော်တို့၏ဖခင်ဖြစ်သူ ဦးကျော်ညွန့်ကို မိဘများဖြစ်သော ဦးလှရီနှင့် ဒေါ်ဝင်းကြည်တို့ သက်ရှိထင်ရှားရှိစဉ် (၇-၈-၁၉၉၉) ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ (စာ-၁၃)၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာ ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဥမ္မာစိုး LL.B W.I.P.O (Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၄၂)
အမှတ် (၁၀/၁၂)၊ အခန်း-၁၀၃(E)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09-254555881

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)**

**ပဲခူးခရိုင်တရားရုံးတော်**

**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈**

ဦးစိုးအောင် နှင့် ဗိုလ်မှူးမောင်မောင်အေး(ငြိမ်း)

**တရားလို** **တရားပြိုင်**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ဓမ္မစေတီလမ်းသွယ်၊ အမှတ်(၁၃၆) နေ ဗိုလ်မှူး မောင်မောင်အေး(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးစိုးအောင်က "မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း" နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၄ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေး သားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အလက(ခွဲ) မြိုင်ကုန်း၊ Grade-3 မှ မောင်စိုးပြည့်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးစိုင်းကျော် ၁၀/ ရမန(နိုင်)၁၉၂၆၀၅ ဖြစ်ပါ ကြောင်း။ **ဦးစိုင်းကျော်**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၁) Grade-10မှ မမျိုးထက်သူစိုး ၏ဖခင်အမည်မှန်မှာ စောမျိုးမင်း ဦး ၃/ကကရ(နိုင်)၁၆၅၅၃၇ ဖြစ်ပါကြောင်း။

**စောမျိုးမင်းဦး**
**၃/ကကရ(နိုင်) ၁၆၅၅၃၇**

## အမည်မှန်

(ဘ)ဦးရဲလင်း၏သား စစ်ကိုင်း တိုင်းဒေသကြီး၊ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင် (အမက) မှ မောင်သူရလင်း(G-4)၏ အမည် မှန်မှာ မောင်စိုင်းသူရလင်းဖြစ် ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်၊ အမှတ် (၂၈၀)၊ အောင်ဇေယျာလမ်းနေ (ဘ)ဦးခင်မောင်၏သားဖြစ်သူ ဦးသိန်းထိုက် ၁၂/ဒဂန(နိုင်)၀၁၃၃၆၉ နှင့် ဦးကိုကိုသိန်းမှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆အက်ဖ်၊ မြေကွက်အမှတ်-၉၁ အီး/၁စီ-၂၊ မြေဧရိယာ (၀.၀၈၆)ဧကရှိ၊ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၉/ B-9၊ ဦးအောင်ကိန်းလမ်းသွယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော(၃)ထပ်တိုက်အဆောက်အဦ(၁)လုံး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှု ဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စုစုဝင်း (ဘ)ဦးစိုးဝင်း ၉/မနတ (နိုင်)၁၀၅၆၈၄ ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ် ၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ် ၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း၀၉-၈၆၃၅၁၂၊၀၉-၂၅၄၄၈၈၃၃၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/41739 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းငွေ ၇/ကတခ(နိုင်)၀၁၈၀၀၀ က(ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/4380,Bajaj RE 205D ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်း ၉/မထလ(နိုင်) ၂၄၆၉၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ တိလောကျေးရွာအုပ်စု၊ နန်းသီတာကျေးရွာ၊ အိမ်အမှတ်(၄၅) နေ ဒေါ်လှမေ ၁၃/ညရန(နိုင်) ၀၅၀၄၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်။ ဒေါ်လှမေသည် ကွယ်လွန်သူ ဦးလှအောင်(ခ)ဦးသာအောင် ၁၃/ညရန(နိုင်) ၀၅၁၈၃၀၏ တစ်ဦးတည်း သော တရားဝင်အမွေဆက်ခံသူဇနီးဖြစ်ပါသည်။ အောက်ဖော်ပြပါ ဦးလှအောင်(ခ)ဦးသာအောင် အမည်ပေါက် လယ်ယာမြေ ပုံစံ(၇)စာရွက် စာတမ်းများနှင့် ဒေါ်လှမေအမည်ပေါက် ပုံစံ(၇)စာရွက်စာတမ်းများသည် ၂၀၂၄ခုနှစ်၊ ညောင်ရွှေမြို့ရေကြီးရေလျှံဖြစ်ပွားမှုတွင် ပျောက်ဆုံးသွားပါသဖြင့် အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ဤကြေညာလွှာပါရှိပြီး (၁၅)ရက်အတွင်း အထောက်အ ထား ခိုင်လုံစွာဖြင့် သက်ဆိုင် ရာဌာနများတွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | ကျေးရွာ | မြို့နယ် | ကွင်းအမှတ် | ဦးပိုင် | ဧက | ပုံစံ(၇)အမည်ပေါက်သူ |
|---|---|---|---|---|---|---|
| ၁ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၁) | (၂၇/၁) | ၆ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၂ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၂-ခ) | (၃၆) | ၇ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၃ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၃) | (၁၄/၅) | ၂ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၄ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၃) | (၇၃) | ၂.၅၈ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၅ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၃) | (၁၄/၄) | ၂.၀၄ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၆ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၃) | (၁၃) | ၂.၇၇ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၇ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၃) | (၁၅/၁) | ၁.၇၈ | ဦးလှအောင်(ခ)ဦးသာအောင် |
| ၈ | တိလောကျေးရွာအုပ်စု | ညောင်ရွှေမြို့နယ် | (၁၃၆) | (၁၇/၁) | ၃.၆၄ | ဒေါ်လှမေ |
| ၉ | တောင်လေးလုံးကျေးရွာ အုပ်စု | တောင်ကြီး မြို့နယ် | (၇၉) | (၁၁၂) | ၂၃.၂၇ | ဒေါ်လှမေ |

**ဒေါ်လှမေ ၏ လွှဲအပ်ညွှန်ကြားချက်ရသောရှေ့နေများ-**

| | | |
|---|---|---|
| **ဒေါ်ခင်အုန်းမြင့်** | **ဒေါ်နွယ်နွယ်** | **ဒေါ်သန်းငွေအောင်** |
| **လိုင်စင်အမှတ်(၂၃၅၃/၈၃)** | **(၉၁၅၂/၂၀၁၃)** | **(စဉ်-၉၁၇၈/၂၀၁၃)** |
| **ဖုန်း-၀၉-၇၈၀၈၄၅၅၈၇** | | |

**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဒေါ်ဆွိခင်ခင်** | **ဒေါ်နန်းစိန်မေ** | **ဒေါ်နန်းဆွေဆွေနိုင်** |
| **လိုင်စင်အမှတ်(၄၅၈၀၆/၂၀၁၉)** | **(၅၆၆၅၃/၂၀၂၄)** | **(၅၆၆၅၄/၂၀၂၄)** |

**အထက်တန်းရှေ့နေများ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ နွယ်သာကီလမ်း၊ မြေကွက် အမှတ်(၈၃၅)၊ အကျယ်အဝန်း၊ အလျားXအနံ (၂၀x၆၀)ပေရှိ ဦးဂျိုးဇက် (ဘ)ဦးမောင်မောင် (TGKN-၀၅၁၃၂၁) အမည် ပေါက်ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၈၃၄/ခ)နှင့် ကပ်လျက်အခြမ်း၊ မြေကွက်အမှတ် (၈၃၅/က)၊ အကျယ်အဝန်း အလျားXအနံ (၁၀x၆၀)ပေရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်လှလှအေး(ဘ)ဦးဖူလဲမြား(ခ)ဖူလ်ဖျာ ၁၂/ဒဂတ(နိုင်)၁၂၉၃၉၀က ဝယ်ယူ လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျှက် ရောင်းချရန် ကမ်းလှမ်း လာသည်ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ၎င်းမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်လေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၉၄)** **ဒေါ်အိအိခိုင်(LL.B)အထက်တန်းရှေ့နေ(စဉ်-၅၄၇၅၈)**
**အမှတ်(၆၆၃)၊ တရုတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၂၃၃၄၉၀၊ ၀၉-၇၅၀၄၀၄၃၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၈/ပုဗ္ဗသီရိရပ်၊ မြေကွက် အမှတ်(ပ-၃၄၃၀၅)၊ ဧရိယာ(၀.၀၅၅)ဧကကို အမည်ပေါက် ဦးကျော်ကျော်ဦး (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဒေါ်မိုမိုအောင် (ဘ) ဦးမျိုးအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀ က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၉၃/၂၀၂၄ တရားမဇာရီမှုအမှတ် ၆၀/၂၀၂၄တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက် အထားခိုင်လုံစွာတင်ပြ၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ် (၃၃/၅၄)ဟု ခေါ်တွင်သော (၂၂ ½ ပေ x၅၄ပေ) အကျယ်အဝန်းရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲငါးထပ်တိုက်၊ အဆောက်အအုံအနက်မှ ခေါင်းရင်းဘက်ခြမ်း (၅)လွှာ၊ (ဒါဘာ)အခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက် သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ(မြေရှင်) အမွေဆိုင်များမှ အခွင့်အာဏာပေးထားသူ ဦးသိန်းဆင့် ၁၂/မရက(နိုင်) ၀၅၄၅၇၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဝင်းဇော် ၁၂/လမန(နိုင်)၁၄၂၉၄၉၊ ဒေါ်ဇူလိုင်ငွေး ၁၂/အစန(နိုင်)၁၈၆၉၉၂တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်း တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ကန့် ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်မာသော အထောက်အထား စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဝင်းဇော် -ဒေါ်ဇူလိုင်ငွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၇၂၇၅)**
**ရုံး -အင်းစိန်ရှေ့နေအသင်း၊ အင်းစိန်စုပေါင်းရုံးကြီးဝင်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-09-420035924**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် (ပြင်ဈေးတောင်ရပ်)၊ ဦးပိုင်အမှတ် (၁၃၅)၊ ဧရိယာ(၀ဒသမ၁၈၃)ဧက၊ ဦးပိုင်အမှတ် (၁၆၁)၊ ဧရိယာ(၀ဒသမ ၀၂၆)ဧက၊ စုစုပေါင်းဧရိယာ(၀ဒသမ ၂၀၉) ဧကရှိ မြေအား (ဘိုးဘပိုင်အမည် ပြောင်း)ပေးရန် ဒေါ်သင်းယဉ်စုမှ လျှောက်ထားလာသည့်အတွက် ယင်း အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့် ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ မတ်လ ၅ ရက်မတိုင်မီ ဆိုင်ရာ စာရွက် စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင် ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်း**
**ဦးစီးဌာန**
**ရွှေဘိုမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ - ၁နှင့်၅)
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဒေါ်ခင်မူ နှင့် ဦးခင်မောင်အေး
(တရားလို) (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ အ- ၁/၃နေ ဦးခင်မောင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မူက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေး စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇေယျာရှိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်နေ ဦးမင်းနိုင်၊ ၁၂/လကန(နိုင်) ၀၂၉၇၈၇နှင့် ဒေါ်ကေသွယ်၊ ၁၂/လကန(နိုင်) ၀၂၉၇၇၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ဝေဖြိုးအောင် ၁၂/မရက(နိုင်) ၁၅၁၃၅၃သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးမင်းနိုင်၊ ၁၂/လကန(နိုင်)၀၂၉၇၈၇ | ဦးကောင်းဝေဟန်(LL.B) |
| ဒေါ်ကေသွယ် | တရားလွှတ်တော်ရှေ့နေ |
| ၁၂/လကန(နိုင်)၀၂၉၇၇၇ | (စဉ်-၁၁၈၁၃) |
| နေပြည်တော် | အခန်း(၃၀၉)၊ တိုက်(၃)၊ |
| | ရန်ကုန်ဟိုတယ်ဝန်း၊(၈)မိုင်လမ်းဆုံ၊ |
| | ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၄၅၁၆၈၉၇ |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၉-စ/ဝါ-သု)၊ ဦးပိုင်အမှတ်(၆၁/ခ)၊ မြေကွက်အမှတ်(၆၁/၁၁၅)၊ မြေရေိယာ(၀ဒသမ၀၄၀)ဧကရှိ မြေကွက်သည် ဗိုလ်ကြီး ဒေါ်နုနုအမည်ဖြင့် (၇-၉-၂၀၂၄)ရက်နေ့အထိ (၃၀)နှစ်ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်သက်တမ်းမှာကုန် ဆုံးသွားသဖြင့် ဒေါ်နုနု ၉/မထလ(နိုင်) ၀၆၇၉၂၅မှ မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၆)လမ်း၊ အမှတ်(၆၀)မြေကွက်ပေါ် တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ ပဥ္စမထပ်(၆-လွှာ)၊ တိုက်ဘက်ကို မျက်နှာမူ ၍ကြည့်လျှင် ဘယ်ဘက်ခြမ်း(ခြေရင်းခန်း)၊ (၁၂ပေခွဲX ၅၅ပေ) အကျယ်အဝန်းရှိတိုက် ခန်း(၁) ခန်းနှင့် ယင်းတိုက်ခန်းတွင် ကွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို (၂၉-၉-၂၀၂၂) ရက်စွဲပါ "RCC(၂)ခန်းတွဲ (၆)ထပ်တိုက်သစ် ဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူကတိစာချုပ်"အရ ယခုအပိုင်ရောင်းချသူ ကန်ထရိုက်တာများဖြစ်သော ဦးမောင်ရွှေ (ရတနာမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) ၁၂/မဂတ(နိုင်)၀၅၆၀၀၄နှင့် ဦးကျော်ဇင်လတ် ၁၂/မဂတ(နိုင်)၁၀၃၆၅၉တို့က ရပိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ပြီး ကြိုပွဲပိုင့်စနစ်ဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကြသူ ကန်ထရိုက်တာ ဦးမောင်ရွှေ ၁၂/မဂတ(နိုင်) ၀၅၆၀၀၄နှင့် ဦးကျော်ဇင်လတ် ၁၂/မဂတ(နိုင်)၁၀၃၆၅၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင့်နန္ဒီထက် ၁၂/သဃက(နိုင်)၁၈၁၃၈၂က ကြိုပွဲပိုင့်စနစ်ဖြင့် အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးသူ(LLB)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)
အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၁၃၂၂၇၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
### ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

ဒေါ်ခင်ဝင်းမော် နှင့် ၁။ ဦးနီတရန်ဘာဘူ
၂။ ဒေါ်ရွှေရွှေ
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၉X၉၀လမ်းကြား၊ ၃၃X၃၄ လမ်းကြားနေ (၁)တရားပြိုင် ဦးနီတရန်ဘာဘူ နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက် (၃၀၄)နေ (၂)တရားပြိုင် ဒေါ်ရွှေရွှေ တို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ခင်ဝင်းမော်က "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူများ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီနိုင်)
တွဲဖက်မြို့နယ်တရားသူကြီး၊
ချမ်းအေးသာစံမြို့နယ်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြုံးချို ၁၂/ဥကမ(နိုင်) ၂၂၇၁၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ညွန့်ပေါင်းကျေးရွာ အုပ်စု ၁၆၉-က-ကြို့ပင်ဝိုင်းကွင်း၊ ရေဖြူကျေးရွာ ၁၇၇-အုတ်ဖိုကွင်း၊ ၁၇၁-A- ရေဖြူမြောက်ကွင်း၊ ဖိုးနတ်ပေးကျေးရွာ -၁၈၉-A-စံကင်းကွင်း၊ ကမြိုင်ကျေးရွာ- ၁၁၂၊ အင်္ဂပုံအရှေ့ကွင်း၊ နဲသမိန်ကျေးရွာ-၁၉၀-ဟသ်ာကုန်းကွင်းနှင့် ၁၉၉-ဘုတ်ဆုံချောင်းကွင်းအတွင်းရှိ ဧရိယာ(၅၂၁.၃၇)ဧက အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ကျွန်တော်တို့၏ စတီးစတုန်းထရေးဒင်းကုမ္ပဏီ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီ သီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုထားသော ခွင့်ပြုမိန့်ပုံစံ(၁၁) ရရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ ယခုအခါယင်းပုံစံ(၁၁)သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းတို့ကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာဦး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)(၂၃-၁-၂၀၁၄)
အမှတ်(၁၁၄)၊ ငါးလွှာ၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊
သဃ်္ဃန်းကျွန်း မြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၈၀၃၂၅

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၈/ပဒေသာ)၊ဦးပိုင်အမှတ်(၁/၇)၊ မြေရေိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးနိုင်နိုင်ဦး ၉/ပဥလ(နိုင်) ၀၂၃၂၄၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ များရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် RA – III / ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၁၂ – က)၊ မြေဧရိယာ(၀.၂၃)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးရန်လင်း ၉/မကန(နိုင်) ၀၆၅၂၇၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ဖခင်အမည်မှန်

နေပြည်တော် လယ်ဝေးမြို့နယ် အထက(ခွဲ)အောင်သာ GRADE-9 မှမောင်မျိုးမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၅/ကဘလ(နိုင်)၁၁၉၅၆၃ ဖြစ်ပါကြောင်း။ **ဦးမောင်လွင်**

## အမည်ပြောင်း

ဦးဒိုတင်ပေါင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ လေ့ကျင့်ရေး အထက်တန်းကျောင်း Grade- 4မှ မောင်ငင်မင်းလတ်အား မောင်ကျော်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ဇင်ဟိန်း**

## အမည်ပြောင်း

(ဘ) ဦးဒိုတင်ပေါင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ လေ့ကျင့်ရေးအထက်တန်းကျောင်း GRADE-2 မှ မောင်ဟောင်မင်လင်အား မောင်သန့်ဝေယံအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုရန်။ **မောင်သန့်ဝေယံအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၈၁၁၊ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၉/လဝန(နိုင်) ၁၃၅၉၉၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငှက်သိုက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၉၇-BE)၊ မြက်တိုတောင်ကွင်း၊ ဦးပိုင်အမှတ်(၂၂/၄)၊ ဧရိယာ(၀.၈၂)ဧက အနက်မှ (၀.၆၄)ဧကရှိ မြေအား ဒေါ်လီလီမြင့် အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရပ်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်လီလီမြင့်
၈/ငဖန(နိုင်)၀၀၅၄၇၅
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အများသိစေရန် ကြေညာခြင်း

ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ၊ ကျိုင်းသိန်တွင်း၊ ကွင်းအမှတ် ၅၂၀-က၊ ဦးပိုင်အမှတ် ၉၉ နှင့် ၁၀၀၊ ဧရိယာ ၁၀.၉၈ဧက၊ ဒေါ်နုနုအမည်ပေါက်မြေအား ၁၉၈၂ ခုနှစ်တွင် ဒေါ်လှမြိုင်သည် ခင်ပွန်း ဦးသန်းမောင် (မှတ်ပုံတင်အမှတ် SGG ၁၄၉၂၁၊ အစ်ကိုအရင်း ဦးလှဝင်း(မှတ်ပုံတင်အမှတ် FTI-၀၂၁၁၂၉)၊ ဆွေမျိုးနီးစပ်များဖြစ်ကြသည့် ဦးကျော်သန်း(မှတ်ပုံတင်အမှတ် WLT-၁၀၆၉၄၆)၊ ဦးလှသန်း(မှတ်ပုံတင်အမှတ် PTI-၀၂၆၅၄၂)၊ ဦးတင်ရွှေ(မှတ်ပုံတင်အမှတ် PTI-၀၂၆၅၄၃) တို့နှင့်အတူ ၃၀၀၀၀ိ/-(ကျပ်သုံးသောင်း)ဖြင့် အရပ်ကတိစာချုပ်အရ ဝယ်ယူပြီး လက်ရောက်ရယူ နေထိုင်ခဲ့ကြပါသည်။

ဦးလှသန်းနှင့် ဦးတင်ရွှေတို့က လှည်းလမ်းအနောက်ဘက်၊ ကျန် ၃ဦးက လှည်းလမ်းအရှေ့ဘက်တွင် အသီးသီးခွဲဝေရယူခဲ့ကြရာ ဒေါ်လှမြိုင်တို့ရရှိသည့် မြေမှာ အဆောက်အအုံနှင့် ရေမပါသောကြောင့် ၃ဧကရရှိသော်လည်း ၁၉၉၈ ခုနှစ်တွင် မေမြို့လမ်းချဲ့၍ မြေသိမ်းခံရခြင်း၊ လွန်ခဲ့သည့် ၂နှစ်က ထပ်မံတိုးချဲ့၍ ထပ်မံသိမ်းဆည်းခံရခြင်း၊ မိမိပိုင်မြေထဲမှ ၆၃ ပေ X ၉၅ ပေအား မောင်အရင်း မောင်မြင့်ရွှေအား ကျပ် ၉၄ သိန်း(ကျပ်ကိုးဆယ့်လေးသိန်း) ဖြင့် ရောင်းချပေးခြင်း၊ ထို့ပြင် မောင်အရင်းဖြစ်သူ မောင်မြင့်သိန်းသို့ ဖခင်ဆန္ဒအရ ၄၈ပေ X ၈၈ပေ မြေတွင် အခမဲ့နေထိုင်စေခဲ့ပြီး ကိုလင်းလင်းသို့ ရောင်းချချိန်တွင် နစ်နာကြေးကျပ်သိန်း ၃၀ (ကျပ်သိန်းသုံးဆယ်)ရရှိခြင်းကြောင့် ယခုအရှေ့အနောက်(မန္တလေး-ပြင်ဦးလွင်လမ်း)ပေ ၂၂၀ နှင့် တောင်မြောက် ၉၆ ပေသာ ကျန်ရှိပါတော့သည်။

သို့ပါ၍ ယခုအမှတ် ၉၆၁၊ (၁၂)ရပ်ကွက်၊ ထုံးဘိုကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ အမည်တွင်သည့် ၂၂၀ပေ X ၉၆ပေ မြေနှင့် မြေကွက်အတွင်းရှိ အဆောက်အအုံများသည် ဒေါ်လှမြိုင် မှတ်ပုံတင်အမှတ် ၉/ပသက(နိုင်)၀၂၇၅၈၉ တစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လှမြိုင်** | **ဒေါ်ဂေါ်လုဘောက်** |
| **၉/ပသက(နိုင်)၀၂၇၁၈၉** | **တရားလွှတ်တော်ရှေ့နေ(စဉ် ၂၆၁၅/၃.၇.၁၉၈၄)** |
| | **အမှတ် ၈-က၊ ၆၁လမ်း၊ ၁၁၅X၁၁၅(A)လမ်းကြား၊** |
| | **သ/၁၃၊ (ဃ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။** |
| | **ဖုန်း-၀၉-၂၀၀၄၂၄၂၊ ၀၉-၄၂၂၀၀၄၂၄၂** |

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/2522 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## "ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၃၊ အခန်း-၁၀၃ နေထိုင်သူ ဒေါ်ဆုပြည့်နှင်းဝေ ၁၂/တမန(နိုင်)၁၁၅၆၇၇နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ်(၁၀/ခ)နေထိုင်သူ ဦးရှိန်းသူကျော် ၁၂/သဃက(နိုင်)၁၇၃၁၁၁တို့သည် (၉-၂-၂၀၁၇) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တွင် လက်မှတ်ရေးထိုး လက်ထပ်ထိမ်းမြားခဲ့ပြီး မြန်မာဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ်ပေါင်းသင်း၍ သမီးဖြစ်သူ မပန်ဆုရှိန်းသော် (၆)နှစ်ထွန်းကားခဲ့ကြပါသည်။ ယခုအခါ ဦးရှိန်းသူကျော်နှင့် ဒေါ်ဆုပြည့်နှင်းဝေတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁၇- ၂- ၂၀၂၅ )ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံးတော်၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၇/၂၀၂၅ဖြင့် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးရှိန်းသူကျော်နှင့် ဒေါ်ဆုပြည့်နှင်းဝေတို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် တစ်ဦး၏ပစ္စည်းဥစ္စာများတွင် ကျန်တစ်ဦးက သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နှစ်ဖက်သော မိတ်ဆွေအပေါင်းအသင်းများအနေဖြင့် စုံစမ်းမေးမြန်းခြင်း မပြုပါရန် ဤသတင်းစာကြေညာနှင့်အတူ အသိပေးအပ်ပါသည်။

ဒေါ်ဆုပြည့်နှင်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရည်မွန်ဇော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၂)
အမှတ်၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၄၀၈၁၈၀၀၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်ဖြိုးဖြိုးထွေး ၉/တကန (နိုင်) ၀၉၈၂၆၇(ဘ) ဦးကုလား အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၅၆၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၁၇၇၀/၂၀၂၃(၂၁-၆-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရဲလင်းအောင် ၁၄/ရကန(နိုင်) ၁၅၅၀၇၇(ဘ)ဦးမြင့်စိုး မှ ဦးရဲဝင်းထွဋ် ၁၄/ရကန(နိုင်)၀၈၆၅၁၄နှင့်မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/44411, Honda C-90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာရင် ၉/မထလ(နိုင်) ၀၈၈၅၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၄၃၈၄၀, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့် ၅/စကန(နိုင်)၀၃၆၀၁၈ဧ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/42918 ယာဉ်လက်ဝယ်ရှိသူ ဦးလှတင့် ၇/ရတရ(နိုင်)၀၄၁၀၀၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဓယ/၃၂၂၈၁, Honda Click 125ယာဉ်လက်ဝယ်ရှိသူ OSHO Family Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/4835, NISSAN ADVY12 S/W(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၉/ပဘန(နိုင်) ၀၆၃၃၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၇) Grade-10 မှ မောင်လျှန်ခန့်ဆုန်၏ ဖခင်အမည်မှန်မှာ ဦးထန်ဆွင်းဟောက် ၅/ကလထ(နိုင်)၁၆၈၁၉၄ ဖြစ်ပါကြောင်း။

**ဦးထန်ဆွင်းဟောက်**

## အမည်ပြောင်း

ဦးကပ်မွန်းမန်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၇)၊ Grade-10 မှ မညောင်ဒိတ်ကိမ်အား မည်ဒိတ်ကိမ်ဟုပြောင်းလဲခေါ်ပါရန်။

**မည်ဒိတ်ကိမ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9640 HONDA FIT 6E6 HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်နိုးလွင် ၁၀/မလမ(နိုင်)၂၅၈၇၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/88330 Honda Wave 100M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမြင့် ၁/ပသရ(နိုင်)၁၁၆၉၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/27251 Forland ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးမင်း ၁၄/မအန(နိုင်)၂၃၉၈၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား အမ်စိုးနောင်(ခ) မောင်စိုးဇင်ထက် ၁၂/ဥကတ(နိုင်)၂၀၀၃၈၃ တို့သည် မိဘ၏ဆိုဆုံးမမှုကို နာမခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ ယနေ့မှစ၍ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးလှနိုင်**
**၁၂/မရက(နိုင်)၀၃၆၉၂၁၊**
**ဒေါ်သူဇာအောင်**
**၁၂/ရကန(နိုင်)၀၂၄၉၇၈**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၃၀၇
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇

**ကွယ်လွန်သူ ဒေါ်သန်းသန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်ပြုံး (ဘ)ဦးစံဝိ ၉/စကတ(နိုင်)၀၅၄၄၇၆ **လျှောက်ထားသူ**
မီးသွေးဘုတ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊
ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာနေ လျှောက်ထားသူ ဒေါ်ပြုံးက ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး ကွယ်လွန်သူ ဒေါ်သန်းသန်း၏ အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ၂၆-၁၂-၂၀၂၄ ရက်တွင် ကျောက်ဆည်ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဒေါ်ပြုံးသည် ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါပစ္စည်းအား အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇(၂)အရ စီမံဆောင်ရွက်ခွင့်ပြုပါရန် ကျောက်ဆည်ခရိုင်တရားရုံးတော်သို့ ၅-၂-၂၀၂၅ ရက်တွင် လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်)နံနက် ၁၀:၀၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်သည်။ အဆိုပါရက်တွင် လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မြင့်မြင့်ချစ်ကျော် )**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၁၁၉၁/ဈ)၊ မြေအမျိုးအစား ပါမစ်မြေ၊ မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ဆိုင်သူ ဦးကြည် ၁၂/ဗဟန(နိုင်)၀၀၆၂၂၄ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သောင်းသောင်းဦး ၁၂/သဃက(နိုင်)၁၇၄၀၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန်း ၁၀/ပမန(နိုင်)၀၅၀၅၅၅ က ဥပဒေနှင့်အညီ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ အိမ်ခြံမြေအပါအဝင် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေသည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးသန်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉ -၂၆၄၁၉၂၂၈၈၊ ၀၉- ၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာစီမံကိန်း၊ ဇုန်(A)၊တိုက်-(A2)၊ (၅)လွှာ၊ အခန်း(၅၀၇)ဟုခေါ်တွင်သော ဧရိယာ စတုရန်းပေ(၁၁၈၅) ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန် ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်သိန်းသိန်း ၁၂/ဗဟန(နိုင်)၀၇၉၉၄၄ ထံမှ ကျွန်ုပ်ဦးသက်မိုးခိုင် ၁၃/သနန(နိုင်)၀၁၈၇၁၈ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်မိုးခိုင်**
**၁၃/သနန(နိုင်)၀၁၈၇၁၈**
**ဖုန်း-၀၉-၅၁၇၅၃၆၄**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ စဥ့်အိုးဘိုအကွက်၊ ဦးပိုင်အမှတ် (၄၃-ခ)၊ ဧရိယာ ၀ ဒသမ ၀၉၃ကေရှိ ဦးငွေအောင် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၄၂၈)၊ စဥ့်အိုးဘိုကမ်းနားလမ်းနေ ဦးမောင်မောင်ထွေး၊ ဒေါ်စန်းစန်းဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက်၃၀အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မမွေးကျွန်းကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာနေ ကျွန်တော် ဦးကျော်မျိုးဦး ၁၄/မမက(နိုင်)၁၅၅၇၄၆ နှင့်ကျွန်မ ဒေါ်ဝါဝါခိုင် ၁၄/မမက(နိုင်)၁၁၄၇၁၄ တို့၏ သားကြီး မောင်ထက်ဝေပိုင် ၁၄/မမက(နိုင်)၃၂၇၀၃၉ သည်မိဘများ၏ ဆိုဆုံးမမှုကိုမနာခံသည့်အပြင်မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ရိုင်းပြစွာပြောဆိုမှုများ အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်နေသူဖြစ်ပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ထက်ဝေပိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးဦး (ဖခင်) ၁၄/မမက(နိုင်)၁၅၅၇၄၆**
**ဒေါ်ဝါဝါခိုင် (မိခင်)၁၄/မမက(နိုင်)၁၁၄၇၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၅၀)၊ အကောက်ဆိပ်တောင်အကွက်၊ ဦးပိုင်အမှတ်(၂-ဖ)၊ မြေဧရိယာ ၀ ဒသမ ၁၃၄ ကေ ဦးပိုင်အမှတ်(၃-ဃ)၊ မြေဧရိယာ ၀ ဒသမ ၁၆၅ ကေ၊ ဦးပိုင်အမှတ်(၄-ပ)၊ မြေဧရိယာ ၀ ဒသမ ၁၃၀ ကေ၊ ဦးပိုင်အမှတ်(၄-ဖ)၊ မြေဧရိယာ ၀ ဒသမ ၀၁၈ကေရှိ ဦးနေစိုး၊ ဦးခန့်ကိုကို အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ငပုတောမြို့၊ တောင်ကလေးကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာနေ ဒေါ်ချောစိန်(ခ) ဒေါ်အေးအေးခိုင်၊ ဦးခန့်ကိုကိုတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဟန်ဝင်းအောင် ၉/ဥတသ(နိုင်)၀၂၅၁၄၁၊ ဒေါ်မိုးမိုး ၉/ပမန(နိုင်)၂၀၀၅၂၃၊ ဒေါ်ကျော့ကျော့ဝင်း ၉/ပမန(နိုင်)၂၅၄၉၃၆၊ ဦးအောင်မျိုးဟန် ၉/ပမန(နိုင်)၁၃၇၉၄၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

အထက်အမည်ပါ ကျွန်ုပ်၏မိတ်ဆွေများ၏ မိဘများမှာ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ ဦးမြဟန် ၉/ပမန(နိုင်)၁၅၅၂၇၅ - ဒေါ်ခင်ဝင်း (ကွယ်လွန်) တို့ဖြစ်ကြသည်ဟုသိရပါသည်။ ယခုအခါ ဖခင်ဦးမြဟန်သည် အသက်(၈၀)ကျော်ရှိပြီဖြစ်ပြီး ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပန်းလောင်လမ်းရှိ မြေကွက်အမှတ်-၂၅ ဟုခေါ်တွင်သော နေအိမ်ဝိုင်းခြံ မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သည်ဟုသိရပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ပိုင် အထက်ပါနေအိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေများ အမွေဆက်ခံ အကျိုးခံစားခွင့်မရှိအောင် မည်သူမျှ ဖခင်ဦးမြဟန်အား သွေးဆောင်ဖြားယောင်းပြီး တစ်နည်းနည်းဖြင့် ဝိုင်းခြံမြေကွက်အမည်ပေါက် ပြောင်းလဲဆောင်ရွက်ခြင်း မပြုရန်နှင့် ပြုလုပ်ခဲ့မည်ဆိုပါကလည်း သဘောတူ လက်ခံခြင်းမရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးစိုးညွန့်သူ (LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၆၀၀၆**
**အမှတ် (၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၆၃၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ကေရှိ ဒေါ်ကေသီဝင်း (ဘ)ဦးကျော်ရှိန် ၁၂/ခရန(နိုင်)၀၉၉၄၀၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ကေသီဝင်းမှ ဒေါ်မေသီရိ (ဘ)ဦးမြင့်ဆွေ ၅/ကဘလ(နိုင်)၂၄၄၅၃၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ် (၂၁၇)နေ ဦးလှဝင်းခိုင် ၉/ပမန(နိုင်)၁၉၀၇၁၉နှင့် ဒေါ်ကျော့ကျော့ဝင်း ၉/ပမန(နိုင်)၂၅၄၉၃၆တို့သည် သမီးဖြစ်သူ မဆွေဇင်ဝင်းထက် ၉/ဥတသ(နိုင်)၀၀၈၁၅၂အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့မှုအပေါ် ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းကြောင်းနှင့် မဆွေဇင်ဝင်းထက်သည် ဦးလှဝင်းခိုင်-ဒေါ်ကျော့ကျော့ဝင်းတို့၏ တရားဝင်အမွေစား၊ အမွေခံသမီးရင်းတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဝင်းခိုင်-ဒေါ်ကျော့ကျော့ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွန့်သူ (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်းကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်နေ ဦးအောင်ကျော်ထွေး ၅/စကန(နိုင်)၁၅၅၆၈၅ သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာထွေး ၁၀/မလမ(နိုင်)၂၆၀၁၄၃ တို့သည် လွန်ခဲ့သော (၂၀၁၈)ခုနှစ်က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဦးအောင်ကျော်ထွေးနှင့် ဒေါ်သန္တာထွေးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာထွေးအနေဖြင့် ဦးအောင်ကျော်ထွေးအား ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း ( မဟာဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၉၂)**
**အမှတ်(၇၆)၊ (၁၃)လမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၉၆၁၈၆၇၄၄၁**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၃ နှင့်ဆက်နွှယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃

| | | |
|---|---|---|
| ဦးအောင်တိုးလှိုင် | နှင့် | ၁။ ဦးအောင်ကောင်းမြတ် |
| | | ၂။ ဒေါ်ဝါဝါရွှေ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ် (၄၄)၊ ဒေါင်းဇရပ်ခြံလမ်း ၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့နေ၊ အမှတ် (၂) တရားရှုံး ဒေါ်ဝါဝါရွှေ (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်တိုးလှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက် ( ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စိုးသီရိခိုင် )**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဒေါနလမ်း၊ ရပ်ကွက်အမှတ်(၁၅/ခ)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ ၀ ဒသမ ၁၀၂ကေ အကျယ်အဝန်းရှိ ဒေါ်ရင်ထယ် အမည်ပေါက် ခြံမြေကွက်ကြီးအတွင်းမှ ခြံမြေကွက်ကြီး၏ အစိတ်အပိုင်းဖြစ်သော ခြံမြေကွက်၏ မြောက်ဘက်အခြမ်း (ခြံမြေကွက်၏ မျက်နှာစာ)၊ မျက်နှာ၁၀ ၅၆ပေxအလျား ၆၁ပေ (ဧရိယာ ၀ ဒသမ ၀၇၈)ကေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဦးတင်အေး (ဘ)ဦးတင်ဦး ၇/ပခန(နိုင်)၀၅၈၄၈၈ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော (၁) ဦးကျော်ရွှေဦး (ဘ)ဦးဦးခင် ၇/ပခန(နိုင်)၀၈၂၅၇၉ နှင့် (၂) ဒေါ်ခင်အေးပို (ဘ)ဦးခင်လှိုင် ၉/တကန(နိုင်)၀၁၀၉၃၈တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဘုန်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)**
**အမှတ်(၄၃၃)၊ မှော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဦးခင်မောင်ဌေး ၊ ဒေါ်စန်းစန်းအောင် တို့၏သား မောင်ခန့်လင်းမောင်သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးကိစ္စအရှုပ်အရှင်းများအား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ ဦးခင်မောင်ဌေး ၁၂/စခန(နိုင်)၀၃၇၀၃၈၊**
**ဒေါ်စန်းစန်းအောင် ၁၂/စခန(နိုင်)၀၀၀၄၂၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သီရိမွန်(၃)လမ်း၊ လူနေရပ်ကွက် အမှတ်-သီရိမွန်အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ်-၇၊ ၈၊ ၉၊ ၁၀.သမိုင်း-သရီမွန် (အိမ်ရာ-၂)၊ မြေကွက် အမှတ်-၇၈၊ အလျား ၂၈ ပေx အနံ ၄၀ ပေ၊ ၊ ဧရိယာ ၀ ဒသမ ၀၂၆ကေရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေ စာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတန်ချောင်ဟန်(ခ)ဦးမောင်ရွှေ ၁၂/ကတတ(နိုင်)၀၂၄၂၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သောရက်ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဆွေသန်း အထက်တန်းရှေ့နေ (စဉ်-၃၈၂၅၀/၂၀၁၂)**
**အမှတ် (၁၈၂)၊ ရဲကျော်အောင်လမ်း၊ (၃၆) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၄၀၄၀၁၀၃**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာ အဆင့်မီပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါ ကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy (Word file) များဖြင့် (၂၃-၄-၂၀၂၅)ရက်နေ့၊ ညနေ (၄:၀၀)နာရီနောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ-**
**ပုဂ္ဂလိက ကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်**
**ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀**
**Email-privatehealthdivision@gmail.com**

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၀၇၉)၊ ဧရိယာ၀ ဒသမ ၁၁၀ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ဆိုင်းနီ ၁၃/လရန(နိုင်)၁၃၀၃၁၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်ယုယုလွင် ၉/မရတ(နိုင်)၀၄၉၃၇၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

